ကြေးမုံ The Mirror

၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၅ ရက်၊ တနင်္ဂနွေနေ့၊ (8-6-2008) (၅၇၀၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လေဘေးသင့်ပြည်သူများ မိမိတို့ ရောက်ရှိနေသည့် ကယ်ဆယ်ရေးစခန်းရှိရာ ဒေသများ၌ ဆက်လက်နေလိုလျှင် နေနိုင်အောင် စီစဉ်နေရာချထားပေးသွားမှာဖြစ်

မိမိတို့ဒေသရပ်ရွာများ၌ ပြန်လည်နေနိုင်အောင် ယင်းဒေသများ၌ ယာယီတဲများဆောက်လုပ်ပေးမည်

ယာယီတဲများဆောက်ပြီးမှသာ ကယ်ဆယ်ရေးစခန်းမှ ယင်းဒေသသို့ရောက်အောင် ပို့ဆောင်ပေးမှာဖြစ်

နေပြည်တော် ဇွန် ၇

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့နံနက် ၈ နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ဧရာဝတီတိုင်း မြောင်းမြမြို့သို့ ရောက်ရှိသည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြောင်းမြမြို့ စိုက်ပျိုးရေးသိပ္ပံတွင် မိဘမဲ့ကလေးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရဟတ်ယာဉ်ကွင်း၌ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးဟန်နှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး ၎င်းတို့နှင့်အတူ မြောင်းမြမြို့ရှိ လေဘေးသင့်ပြည်သူများအား ကုသပေးလျက်ရှိသည့် ဒုတိယဗိုလ်မှူးကြီးကျော်ဇင်ညွှန့် ခေါင်းဆောင်သော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ဆေးအကာအကွယ်ပေးရေး အထူးအဖွဲ့(၄)မှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ ဒေါ်မင်းမင်းမျိုးလွင် ခေါင်းဆောင်သည့် ဆေးအကာအကွယ်ပေးရေးအဖွဲ့ဝင် သမားတော်ကြီးများနှင့် ဆရာဝန်များ၊ သူနာပြုများ၊ Dr. Kanrom ခေါင်းဆောင်သည့် ထိုင်းနိုင်ငံမှ ဆေးအကာကွယ်ပေးရေးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေဘေးသင့်ပြည်သူများအား ဆေးအကာအကွယ်ပေးရေးအဖွဲ့များက ဆေးကုသပေးနေမှုများကို ကြည့်ရှုကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ်၊ ပြင်စလူမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ **စာမျက်နှာ ၈ ကော်လံ ၁ သို့**✧

မြန်မာပြည်သူတို့၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် ပြည်ပအသံလွှင့်ဌာနတို့၏ သွေးထိုးလှုံ့ဆော်မှုကို ကျော်လွှားနိုင်ခဲ့ကြ

“ယခုအခါ နာဂစ်မုန်တိုင်းကို အကြောင်းပြုပြီး ပြည်ပအသံလွှင့်ဌာနများသည် မြန်မာနိုင်ငံအပေါ် ပြည်ပစွက်ဖက်ခြယ်လှယ်မှုများဖြစ်ပေါ်လာစေရန် ဘေးတီးလုပ်ဆောင်လျက် ရှိကြပါသည်။ ပြည်ပစွက်ဖက်ခြယ်လှယ်မှုများဖြစ်ပေါ်လာပြီး မြန်မာနိုင်ငံကို ၁၉၄၈-၄၉ အခြေအနေသို့ ရောက်အောင် လုပ်ဆောင်နေကြသော ပြည်ပအသံလွှင့်ဌာနများသည် နာဂစ်ထက်ဆိုးသော ရန်သူများပင်ဖြစ်သည်။ ပြည်ပအသံလွှင့်ဌာနတို့သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မကျင်းပမီအချိန်ကလည်း ပြည်သူလူထုက ဖွဲ့စည်းပုံအခြေခံဥပဒေကို ကန့်ကွက်ကြရန် အပြင်းအထန် သွေးထိုးလှုံ့ဆော်ခဲ့ကြသည်။ သို့သော် ကျွန်တော်တို့ မြန်မာပြည်သူတို့၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် နာဂစ်ထက်ဆိုးသော ရန်သူဖြစ်သည့် ပြည်ပအသံလွှင့်ဌာနတို့၏ သွေးထိုးလှုံ့ဆော်မှုကို ကျော်လွှားနိုင်ခဲ့ကြပါသည်။”

ငါးမင်းဆွေ ၏ “**နာဂစ်ထက်ဆိုးတဲ့ ရန်သူ**” (ဆောင်းပါး) စာမျက်နှာ - ၆၊ ၇

ကြေးမုံ The Mirror

၈-၆-၂၀၀၈ (တနင်္ဂနွေနေ့)

စိုက်ပျိုးရေးအထောက်အကူပြုပစ္စည်းများ ပံ့ပိုးဖြည့်ဆည်း စိုက်ပျိုးချိန်အမီ ပြန်လည်ထွန်ယက်စိုက်ပျိုး

ယခုအချိန်တွင် မြန်မာနိုင်ငံ၌ မုတ်သုံမိုးဦး ရွာသွန်းစပြုနေပြီဖြစ်ရာ တောင်သူလယ်သမားတို့ ထွန်ရေးငင် ထယ်ရေးပြင်ပြီး စိုက်ပျိုးရေး လုပ်ငန်းခွင်သို့ စတင်ဝင်ရောက်ရမည့်အချိန်ဖြစ်သည်။

မေလ ၂ရက်နှင့် ၃ရက်နေ့တို့က ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဧရာဝတီတိုင်းမှ ခုနစ်မြို့နယ်နှင့် ရန်ကုန်တိုင်းမှ မြို့နယ်၄၀တို့ မုန်တိုင်းဒဏ် အပြင်းအထန် ခံစားခဲ့ကြရသည်။ လူနေအိမ်ခြေ အဆောက်အအုံများစွာနှင့် ခိုင်းကျွဲခိုင်းနွားများ ပျက်စီးဆုံးရှုံး သေကျေခဲ့ရသည့်အပြင် စိုက်ပျိုးမြေကေအချို့ ရေလွှမ်းမိုးခံရကာ အချို့ဒေသများတွင် ရေငန်များလည်း ဝင်ရောက်ခံခဲ့ရသည်။

ယခုအခါ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာနှင့် ကုမ္ပဏီများ၊ အသင်းအဖွဲ့များက မုန်တိုင်းဒဏ်ခံ ဒေသတို့ရှိ လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်ချက်များကို ဝိုင်းဝန်းကူညီ ဖြည့်ဆည်းပေးလျက်ရှိသည်။ မူရင်းဒေသ၌ ပြန်လည်နေထိုင်သူများအတွက် နေအိမ်၊ စားနပ်ရိက္ခာနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ထောက်ပံ့ကူညီလျက်ရှိသည်။

ဧရာဝတီတိုင်းအတွင်းရှိ ငပုတော၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းနှင့် ဘိုကလေးမြို့နယ်များသို့ လယ်ထွန်စက်များ ပေးပို့လျက်ရှိသည်။ ဒေသအလိုက် ထွန်စက်စခန်းများ ဖွင့်လှစ်၍ စက်သုံးဆီ၊ မျိုးစပါး၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးစသည်တို့ကို လက်ငင်းငွေချေရန်မလိုဘဲ စာရင်းမှတ်စနစ်ဖြင့် ပံ့ပိုးပေးလျက်ရှိသည့်အပြင် စိုက်ပျိုးစရိတ် ချေးငွေကိုလည်း သက်ဆိုင်ရာတို့က ထုတ်ချေးပေးနေကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တစ်နိုင်ငံလုံး၌ ယမန်နှစ်က မိုးစပါးနှင့် နွေစပါးစိုက်ကေ ၁၉သန်းကျော် စိုက်ပျိုးခဲ့သည့်အနက် ဧရာဝတီတိုင်းမှ မိုးစပါး၊ နွေစပါး စိုက်ကေ လေးသန်းကျော်ပါဝင်သည်။ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုကေမှာ တစ်နိုင်ငံလုံး စိုက်ကေ၏ ၀ဒသမ၀၀၉ ရာခိုင်နှုန်း၊ ဧရာဝတီတိုင်း၏ ၀ဒသမ၀၃၆ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် ပြည်သူတစ်ရပ်လုံးက လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အဘက်ဘက်က လိုအပ်ချက်များကို ထောက်ပံ့ကူညီ ဖြည့်ဆည်းပေးလျက်ရှိရာ ဧရာဝတီတိုင်းအနေဖြင့် စိုက်ပျိုးချိန်အမီ ပြန်လည်ထွန်ယက် စိုက်ပျိုးကြခြင်းဖြင့် မူလစိုက်ကေများ အပြည့်အဝ စိုက်ပျိုးရရှိနိုင်မည် ဖြစ်ပါသည်။ ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ အမှတ် (၂၅) အလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၈) အခြေခံပညာအလယ်တန်းကျောင်းသို့ ငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၅ ရက်က ကျင်းပရာ ပေကျင်း အလက(၂၅)၏ ကိုယ်စား ရိုက်အေးရှားကုမ္ပဏီလီမိတက် မြန်မာဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် အဖွဲ့က ပေးအပ်သော ငွေကျပ်သိန်း ၂၀ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်သောင်းရီက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(ပညာရေး)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၇

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကိုဇွန် ၆ရက်ညနေ ၄ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် ရန်ကုန်မြို့အတွင်း ဈေးနှုန်းသက်သာစွာဖြင့်ပြေးဆွဲမည့် City Taxi များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၌ ရန်ကုန်တိုင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှအသုံးပြုမည့် XGJAO 150-8 အမျိုးအစားမော်တော်ဆိုင်ကယ် ၁၂ စီးကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးက လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ဆိုင်ရာများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများကတက္ကသိုလ်ကြို/ပို့ ယာဉ်များဆိုင်ရာကိစ္စများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးကာ နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၌ ရန်ကုန်တိုင်းယာဉ်ထိန်းရဲတပ်ဖွဲ့မှ အသုံးပြုမည့် XGJAO150-8 အမျိုးအစား မော်တော်ဆိုင်ကယ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ငွေများလှူဒါန်းလျက်ရှိ

ရန်ကုန် ဇွန် ၇

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိကြရာ ဇွန် ၆ ရက်တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ)ရှိ အလှူငွေလက်ခံရာဌာန၌ အလှူရှင်များက လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

အဆိုပါ အလှူရှင်များမှာ ဒိုင်းမွန်းဝေဖာ ဒေါ်ချိုချိုမိသားစု (လမ်းမတော်မြို့နယ်)က ငွေကျပ် သုံးသိန်း၊ ဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)နှင့် ဒေါ်ချိုချိုဆန်းမိသားစု (သာကေတမြို့နယ်)နှင့် ဆရာမ ဒေါ်မြင့်မြင့်ဆွေ(ငြိမ်း) (အထက၂ လသာ)အား ရည်စူး၍ တပည့် မသန္တာတင်ရှိန် (ခေတ္တ-အင်္ဂလန်)နှင့် ညီအစ်မများ(ဗဟန်းမြို့နယ်)တို့က ငွေကျပ် တစ်သိန်းစီ၊ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)နှင့် ဇနီး ဒေါ်အေးမွန်ရှိန် မိသားစု (ဗဟန်းမြို့နယ်)က ငွေကျပ်သိန်း ၂၀၊ EPE Co.,Ltd. လျှပ်စစ်ဓာတ်အား အင်ဂျင်နီယာလုပ်ငန်း(မရမ်းကုန်းမြို့နယ်)က ငွေကျပ် ငါးသိန်း၊ ဗိုလ်ကြီးရွှေဖြိုးအောင်နှင့် ဒေါ်သန်းသန်းနု၊ သမီးသော်တာပြည့်ဝန်း၏ လေးလမြောက်မွေးနေ့အလှူ၊ (သမိုင်းဘူတာရုံလမ်း)နှင့် မြန်မာ့စီးပွားရေးဘဏ်၊ (ကံမမြို့)တို့က ငွေကျပ် တစ်သောင်းစီ၊ မွန်သူခိုင်(ချောက်မြို့)က မွေးနေ့အလှူငွေကျပ် သုံးသောင်း၊ ရွှေမြန်မာ အဖျော်ယမကာ ကုန်ထုတ်လုပ်ငန်း၊ (ရွှေပေါက်ကံမြို့)က ငွေကျပ်ငါးသိန်း၊ ဦးနေလင်းအောင်(လက်ထောက်မန်နေဂျာ)က ငွေကျပ် တစ်သောင်း၊ မြို့နယ်စာရင်းရုံး (ပေါင်းတည်)က ငွေကျပ် ၅၅၀၀၀၊ဒေါ်ကြာဖုံဦး၊သမီးဒေါ်ခင်မေကြည်မိသားစု(အင်းစိန်)က ငွေကျပ် ၅၀၀၊ ဗိုလ်မှူးချုပ် အောင်သိန်း(ငြိမ်း) မိသားစု(ဝေဇယန္တာဥယျာဉ်အိမ်ရာ)က ငွေကျပ် သုံးသိန်း၊ စေတနာကံ ထီဆိုင် (ပုသိမ်မြို့)က ငွေကျပ် ၁၀သိန်း၊ OCBC Ltd, Group Finance, Singapore က စင်ကာပူဒေါ်လာ ၅၀၀၀၊ Mr. Devaraj Nesaraj & Mrs. S.Nesaraj(a) Daw Thin Thin Sein တို့က အမေရိကန်ဒေါ်လာ၅၀၊ Mr.S urendra Shama, Mr. Ram Dutta Shama Mrs. Nant Khin San Win & Family. (Calcutta) တို့က ရူပီး ၃၅၀၀၊ Mr. C,C Gandhi, Daw Tin May & Family, (Kolkata)တို့က ရူပီး ၅၀၁၊ ASEAN LADIES ASSOCIATION (ALA) IN DHAKA BANGLADESHက အမေရိကန်ဒေါ်လာ ၇၀၀ တို့ဖြစ်သည်။

ဇွန် ၆ ရက်တွင် လက်ခံရရှိသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၄၉၀၅၅၀၀ အမေရိကန်ဒေါ်လာ ၇၅၀၊ ရူပီး ၄၀၀၀ နှင့် စင်ကာပူဒေါ်လာ ၅၀၀၀ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ဗိုလ်မှူးချုပ် အောင်သိန်း(ငြိမ်း)မိသားစုမှ အလှူငွေကျပ် သုံးသိန်းနှင့် အမှတ် - ၂၀ /ဆ ၊ကုန်သည်လမ်း ၊ငပုတောမြို့၊စေတနာကံထီဆိုင်မှ လှူဒါန်းငွေ ကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ် ၁၃ သိန်းကို ဗိုလ်မှူးချုပ် အောင်သိန်း(ငြိမ်း)က ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒေးဒရဲမြို့နယ်အတွင်း လယ်ယာကဏ္ဍ ပြန်လည်ဖွံ့ဖြိုးလာစေရေး စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်များ ဖြန့်ဝေပံ့ပိုးပေးလျက်ရှိ

ရန်ကုန်　　ဇွန်　　၇

မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်အတွင်း လယ်ယာကဏ္ဍပြန်လည်ဖွံ့ဖြိုးလာစေရေးအတွက် ဒေးဒရဲမြို့ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ် ကွပ်ကဲလျက်ရှိသည့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟို ကော်မတီဝင်ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် စက်မှုလယ်ယာဦးစီးဌာနသည် လယ်ယာ (၂၂) စီးရေ ၁၅၀၊ တစ်ဘီးမောင်း အစီး၂၀၊ လယ်ယာ(၁၆) လေးစီးနှင့် ဧရာ(၁) လက်တွန်းထွန်စက် ၂၂ စီး စုစုပေါင်း ၁၉၆ စီးကို ကျေးရွာအုပ်စုပေါင်း ၉၃အုပ်စုအနက် ၈၈ အုပ်စုကို ဖြန့်ခွဲပေးထားပြီဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းအင်အား ၁၅၄ ဦးသည် ဒေးဒရဲမြို့နယ်အတွင်းရှိ ကျေးရွာများ၌ လယ်မြေများ ထွန်ယက်ရာတွင် ပံ့ပိုးကူညီပေးလျက်ရှိကြသည်။

ဒေးဒရဲမြို့နယ်အတွင်း လယ်ယာကဏ္ဍပြန်လည်ဖွံ့ဖြိုးလာစေရေးအတွက် လက်တွန်းထွန်စက် စုစုပေါင်း ၉၄၁စီးကို ခွင့်ပြုထားပြီးဖြစ်ရာ လယ်ယာသုံးစက်ကိရိယာများ ဆက်လက်ရောက်ရှိလာမည် ဖြစ်ကြောင်းသိရသည်။

မြို့နယ်အတွင်း ထွန်ယက်ပြီးစီးမှုအနေဖြင့် ဇွန် ၃ ရက်အထိ ကျွဲ၊ နွားဖြင့် ထွန်ယက်မှု ဧက ၄၅၀၊ စက်ဖြင့် ထွန်ယက်မှု ၄၃၁၅ ဧက စုစုပေါင်း ၄၇၆၅ ဧက ထွန်ယက်ပြီးစီးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပဲခူးတိုင်းမှရောက်ရှိလာသော မျိုးစပါးများ ဖြန့်ဝေ

ရန်ကုန် ဇွန် ၇

မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်အတွင်း လယ်ယာကဏ္ဍ ပြန်လည် ဖွံ့ဖြိုးလာစေရေးအတွက် ဒေးဒရဲမြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသည် ပဲခူးတိုင်းမှရောက်ရှိလာသည့် အထွက်ကောင်း မျိုးစပါးများဖြစ်သည့် ကျော်ဇေယျ၊ မော်ဘီ (၂)၊ မနောသုခ၊ ဆင်းသွယ်လတ်နှင့် ပြည်လုံးမွှေး မျိုးစပါးစုစုပေါင်းတင်း ၆၅၂၀ ကို ကျေးရွာအုပ်စု ၄၀ တို့သို့ ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း သိရှိရသည်။

၂၀၀၈-၂၀၀၉ ခုနှစ် မိုးစပါးရာသီ၌ ဒေးဒရဲမြို့နယ်တွင် ဧက ၁၈၂၁၄၃ စိုက်ပျိုးရန် လျာထားပြီး ပြည်နယ်နှင့် တိုင်း အသီးသီးမှ ဆက်လက်ပေးပို့ ပံ့ပိုးသည့် မျိုးစပါးများကို ဆက်လက်ဖြန့်ဝေပေးလျက်ရှိသည်။

အလားတူ ယခုနှစ် မိုးစပါးရာသီအတွင်း လေဘေးသင့်ဒေသများ၌ နိုင်ငံသားကုမ္ပဏီများကလည်း မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ပူးပေါင်း၍ မျိုးစပါးများကို ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လယ်ယာကဏ္ဍ ပြန်လည်ဖွံ့ဖြိုးလာစေရေး ကျွဲ၊ နွားများနှင့် တိရစ္ဆာန်အစာများဖြန့်ဝေ

ရန်ကုန် ဇွန် ၇

မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်အတွင်း လယ်ယာကဏ္ဍ ပြန်လည် ဖွံ့ဖြိုးလာစေရေးအတွက် မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက ကျေးရွာ ၁၅ရွာကို နွားကောင်ရေ ၆၀ ဖြန့်ဝေပေးထားပြီးဖြစ်သည်။ ကျွဲကောင်ရေ ၇၀ လည်း ထပ်မံ ရောက်ရှိလာမည်ဖြစ်သည်။

အလားတူ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးထိန်းသိမ်းစောင့်ရှောက်မှုအဖွဲ့ (WSPA) နှင့် ပူးပေါင်း၍ ရေငန်ဝင်သော စားကျက်ဒေသများရှိ ကျွဲ၊ နွားများအတွက် တိရစ္ဆာန် အစားအစာများကို ဖြန့်ဝေပေးလျက်ရှိသည်။

ထို့အတူ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာတင့်လွင် ဦးဆောင်သော အဖွဲ့သည် ကျန်းမာရေး ချို့တဲ့လျက်ရှိသော ကျွဲ၊ နွားနှင့် အခြားတိရစ္ဆာန်များကို ဆေးကုသခြင်းနှင့် ကူးစက်ရောဂါများ မပြန့်ပွားစေရန် ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ကျေးရွာတစ်လျှောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဒေးဒရဲမြို့နယ်ရှိ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် ရုံးများပြုပြင်တည်ဆောက်လျက်ရှိ

ရန်ကုန်　　ဇွန်　　၇

မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် နိုင်ငံသားကုမ္ပဏီများ၏ ပူးပေါင်းပါဝင်ပံ့ပိုးမှုဖြင့် မြို့နယ်အတွင်းရှိ စာသင်ကျောင်း ၃၀၊ ခုတင် ၅၀ ဆံ့ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက် ကျန်းမာရေးဌာနခွဲနှင့် တိုင်းရင်းဆေးကုဌာန အပါအဝင် ဆေးရုံဆေးခန်း ၂၁ ခုတို့ကို ပြုပြင်မွမ်းမံတည်ဆောက်ပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ ရုံး ၁၀ရုံး၊ သာသနာ့ဗိမာန်အဆောက်အအုံ အပါအဝင် ဘုန်းတော်ကြီးကျောင်း ၁၅၇ကျောင်းတို့ကိုလည်း ပြုပြင်မွမ်းမံတည်ဆောက်ပြီးဖြစ်သည်။

အလားတူ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသော သောက်သုံးရေကန် ၃၈၃ ကန်ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် တာဝန်ယူပြုပြင်ဆောင်ရွက်လျက်ရှိရာ သောက်သုံးရေကန်၂၂၇ ကန် ပြုပြင်ပြီးဖြစ်ကြောင်း သိရှိရသည်။ ဒေးဒရဲမြို့နယ်ရှိ ပြုပြင်ရန်ကျန်ရှိနေသေးသော အဆောက်အအုံများကိုလည်း အချိန်နှင့် တစ်ပြေးညီ အမြန်ဆုံး ပြုပြင်မွမ်းမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပေးအပ် လှူဒါန်း

မိုးကြယ်စင် ဆောက်လုပ်ရေးကုမ္ပဏီက ဟိုင်းကြီးကျွန်းဒေသရှိ လေဘေးသင့် ပြည်သူများ လက်ဝယ် အရောက်ထောက်ပံ့ရေး ပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။

(သတင်း-ကျောဖုံး)(သတင်းစဉ်)

ဗိုလ်တထောင်မြို့နယ် ရဲတပ်ဖွဲ့ စာအုပ်၊ စာရေးကိရိယာနှင့် ထောက်ပံ့ကြေး ပေးအပ်

ရန်ကုန် ဇွန် ၇

ဗိုလ်တထောင်မြို့နယ် ရဲတပ်ဖွဲ့၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် တပ်ဖွဲ့ဝင် သားသမီးများအား စာအုပ်၊စာရေးကိရိယာနှင့် ပညာသင်ထောက်ပံ့စရိတ်ပေးအပ်ပွဲကို ဇွန် ၇ရက် နံနက် ၁၀ နာရီတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရုံးခန်းမ၌ ကျင်းပရာ မြို့နယ် ရဲတပ်ဖွဲ့မှူးဒုရဲမှူး စိုးလွင်ဦးနှင့် တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးက အမှာစကားပြောကြားပြီး တပ်ဖွဲ့ဝင် သားသမီးများအတွက် စာအုပ်၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်ထောက်ပံ့ငွေများကို မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးနှင့် စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ဝင်းက ပေးအပ်သည်။ (ဓါတ်ပုံ) ယနေ့ပေးအပ်သည့် ပညာသင်ထောက်ပံ့ကြေးမှာ တက္ကသိုလ်အဆင့်အတွက် တစ်ဦးလျှင် ငွေကျပ်၁၀၀၀၀၊ အထက်တန်းအဆင့်အတွက် ငွေကျပ် ၅၀၀၀၊ အလယ်တန်းအဆင့်အတွက် ငွေကျပ် ၄၀၀၀ နှင့် မူလတန်းအဆင့်အတွက် ငွေကျပ် ၃၀၀၀ နှုန်း စုစုပေါင်း ငွေကျပ် ၃၇၅၀၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ (က-ပ)

မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာန နာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကောဝိဒ၏ မယ်တော်ကြီး ဒေါ်အေးရီက မုန်တိုင်းဒဏ်သင့် သံဃာတော်များအတွက် သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်နှင့် သွပ်များကို သာသနာရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မဇ္ဈိမဂုဏ်ရည်ဆရာတော် နောက်ဆက်တွဲအလှူများလှူဒါန်း

ရန်ကုန်　　ဇွန်　　၇

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည် သာသနာ့ရိပ်သာကြီး၏ ပဓာန နာယက၊ ဓမ္မကထိက ဗဟုဇန ဟိတဓရ၊ ကမ္မဋ္ဌာနာစရိယ၊ မဟာစည် နယ်လှည့် ဓမ္မကထိက၊ သာသနတက္ကသီလဓမ္မာစရိယ၊ B.A, M.A, Ph.D (India) ဒေါက်တာ ဘဒ္ဒန္တ ကောဝိဒသည် မုန်တိုင်းဒဏ်သင့် ရဟန်းရှင်လူ ပြည်သူများအတွက် နေရာ၊ ဒေသ၊ ဌာနအသီးသီးအစုံ၌ ပစ္စည်းနှင့် ဝတ္ထုငွေနှစ်ရပ်ပေါင်း ငွေကျပ် သိန်းပေါင်း ၇၀၀၀ခန့် လှူဒါန်းပြီးဖြစ်ရာ နောက်ဆက်တွဲအလှူအဖြစ် ဇွန် ၅ ရက်တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေရှိ သာသနာရေးဝန်ကြီးဌာနသို့ ဆရာတော်၏ကိုယ်စား မယ်တော်ကြီး ဒေါ်အေးရီက မုန်တိုင်းဒဏ်သင့် သံဃာတော်များအတွက် တန်ဖိုး ငွေကျပ် ၁၁ သိန်းတန်ဖိုးရှိ သင်္ကန်း ၁၀၀၊ ထီး ၁၀၀၊ ဖိနပ် ၁၀၀၊ ယပ် ၇၀၊ သွပ် အချပ် ၁၀၀ တို့ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၆-၂၀၀၈ (တနင်္ဂနွေနေ့)

AM&PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ကိုယ်ပြုတိုင်းသာခံကြရမှာ" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၈း၀၀ - ၂း၀၀	Sunday Talk မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)
၈း၄၅ - ၂း၄၅	တေးဂီတအစီအစဉ်
၈း၅၀ - ၂း၅၀	ဂုဏ်ယူဖွယ်ရာ မြန်မာ့လက်မှုပန်းပုပညာ
၉း၀၀ - ၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ - ၃း၁၀	Yangon Panorama (၂၀၀၇ ခုနှစ်အကောင်းဆုံးအားကစားသမားဆုများချီးမြှင့်ပွဲ အခမ်းအနား)
၉း၂၀ - ၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅ - ၃း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၀ - ၃း၃၀	ဟင်္သာတမြို့မှ စက္ခုပါလာဒီဖောင်ဒေးရှင်း၏ အခမဲ့မျက်စိခွဲစိတ်ကုသမှုအလှူဒါန
၁၀း၀၀ - ၄း၀၀	မိုးလေဝသခန့်မှန်းချက်
၁၀း၀၅ - ၄း၀၅	အလင်းဝေဖြာထီးတော်ရှင်စေတီတော်နှင့် နှစ်ကျပ်ခွဲရွာ
၁၀း၃၀ - ၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅ - ၄း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅ - ၄း၄၅	နှလုံးကျန်းမာသက်ရှည်ရန် သိဖွယ်နည်းလမ်းများ (ပထမပိုင်း) (ပါမောက္ခဒေါက်တာမြသိန်းဟန်)
၁၁း၀၅ - ၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀ - ၅း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၅ - ၅း၁၅	စားဖွယ်စုံလင် ဒေသအစားအစာအစီအစဉ် (ရှမ်းတို့ဟူးနွေး၊ ရှမ်းခေါက်ဆွဲ၊ ရှမ်းထမင်းချဉ် ပြုလုပ်နည်း)
၁၁း၃၀ - ၅း၃၀	The Land Of Buddhism
၁၂း၁၅ - ၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀ - ၆း၂၀	ဂုဏ်ယူစရာ ဂုဏ်ပြုမင်္ဂလာ
၁၂း၃၀ - ၆း၃၀	VJ Choice
၁၂း၅၅ - ၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

လောင်းလှူ

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဘိုကလေးမြို့ မြို့မ ဆွမ်းလောင်းအသင်းဓမ္မာရုံ၌ မြို့ပေါ် ဘုန်းတော်ကြီး ကျောင်းများမှ သံဃာတော်အပါး ၁၀၀၀ ကျော်အား အရုဏ်ဆွမ်း ဆက်ကပ် လောင်းလှူစဉ်။ (သစ်တော)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

ရန်ကုန် ဇွန် ၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မေ ၂၄ ရက်တွင် ဘိုကလေးမြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာများဖြစ်သော အပြင်ဘုတ်ချောင်း၊ ပဒဲကော၊ မရမ်းမေတ္တမ်း၊ ဖြိုးမွေးကျွန်း၊ ဘုတ်ချောင်းနှင့် မကြင်မြိုင်ကျေးရွာများသို့ သွားရောက်၍ ကျေးရွာသူ၊ ကျေးရွာသားများအား တွေ့ဆုံအားပေးစကားပြောကြားပြီး စက်ရေတွင်းမှ သောက်သုံးရေရရှိနေမှုနှင့် ဆန်စက်များ လည်ပတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးသည် ကျေးရွာသူ၊ ကျေးရွာသားများအား စားသောက်ဖွယ်ရာနှင့် အဝတ်အထည်များ၊ စက်သုံးဆီများ၊ အလှူငွေများ ထောက်ပံ့ပေးအပ်၍ နာမကျန်းဖြစ်နေသူများအား ဆရာဝန်များဖြင့် ဆေးဝါးကုသမှုဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကြိမ်ချောင်းကျေးရွာသို့ ရောက်ရှိပြီး ဆရာတော်အား ဖူးမြော်ကြည်ညို၍ သင်္ကန်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။ထို့နောက်ဝန်ကြီးသည် လေဘေးသင့်ပြည်သူများ ရွက်ဖျင်တဲများဖြင့် နေထိုင်မှု၊ Air Bagan မှ လှူဒါန်းသည့်လက်တွန်းလယ်ထွန်စက်များကို ကြည့်ရှုစစ်ဆေးပြီး အဝတ်အထည်နှင့် စားနပ်ရိက္ခာများ ပေးအပ်သည်။

ဝန်ကြီးသည် ညနေပိုင်းတွင် ဘိုကလေးမြို့ပေါ်၌ဆေးအကာအကွယ်ပေးဆောင်ရွက်နေသော တပ်မတော်ဆေးတပ်ဖွဲ့မှ ပါရဂူများနှင့် လူနာများအား သွားရောက်ကြည့်ရှု အားပေးစကားပြောကြားသည်။

ဝန်ကြီးသည် မေ ၂၅ ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့ မြို့မဆွမ်းလောင်းအသင်းဓမ္မာရုံ၌ မြို့ပေါ် ဘုန်းကြီးကျောင်း ၅၃ ကျောင်းမှ သံဃာတော်တစ်ထောင်ကျော်အား အရုဏ်ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် ဘိုကလေးမြို့ ပညာရေးကောလိပ်သို့သွားရောက်၍ ပြုပြင်ရန်လိုအပ်နေသော ကျောင်းဆောင်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဘိုကလေးမြို့ လေဘေးကယ်ဆယ်ရေးကွပ်ကဲရေးရုံး၌ကျင်းပသည့် အလှူငွေပေးအပ်ပွဲအခမ်းအနားကိုတက်ရောက်အားပေးသည်။ အခမ်းအနားတွင် မြန်မာဝင်းစတားကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးမောင်အေးက ဆန်အိတ် ၁၀၀နှင့် ငွေကျပ်၁၀သိန်း၊ Secours Populative Francais မှ ဦးအေးထွန်းနှင့် အောင်သိန်းသန်းကုမ္ပဏီတို့က ဆန်အိတ် ၃၃၀၊ မိုးရေကာဖျင်နှင့် စားသောက်ဖွယ်ရာများကို မြို့နယ်ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဝန်ကြီးသည် ဘိုကလေးမြို့ နတ်ချောင်း အခြေခံပညာ မူလတန်းကျောင်း၌ လေဘေးသင့် ပြည်သူများအား အဝတ်အထည်နှင့်ဆန်များ ကိုယ်တိုင်ထောက်ပံ့ ပေးအပ်သည်။

ဝန်ကြီးသည် မေ ၃၁ ရက် မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့ လေဘေးကယ်ဆယ်ရေးကွပ်ကဲရေးရုံး၌ ကျင်းပသည့်အလှူငွေပေးအပ်ပွဲကို တက်ရောက်အားပေးသည်။ အခမ်းအနားတွင် Legend Forestry မှ မန်နေဂျင်း ဒါရိုက်တာ ဦးချစ်ထွန်းမောင်နှင့် ဒါရိုက်တာ ဦးအေးသီဟတို့နှင့် Royal Machinery and Electrical Good ကုမ္ပဏီတို့မှ မန်နေဂျင်း ဒါရိုက်တာ ဦးဝင်းထွန်းတို့က ငွေကျပ် ခြောက်သိန်းငါးသောင်းနှင့် ဆန်အိတ် ၁၀၀၀၊ လက်အိတ်၊ ဓာတ်ဆားများကို မြို့နယ်ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။

ဝန်ကြီးသည် ဇွန်၁ ရက် ညနေပိုင်းတွင် စက်လှေဖြင့် ပေချောင်းကြီးကျေးရွာသို့ရောက်ရှိပြီး ကံ့ကော်တစ်ထောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေလာသအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ပေချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်များပြုပြင်ရန် လိုအပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ဝန်ကြီးသည်လက်တွန်းထွန်စက်ဖြင့် လယ်ယာများ ထွန်ယက်နေမှုကို ကြည့်ရှုအားပေးသည်။

ဝန်ကြီးသည် ဇွန် ၃ရက် မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ Air Bagan မှ လှူဒါန်းသော တစ်နေ့ရေလီတာ နှစ်သိန်း သန့်စင်ပေးနိုင်သည့် ရေသန့်စက်ဖြင့် ရေသန့်များ ထုတ်လုပ်ဖြန့်ဝေနေမှုကို ကြည့်ရှုစစ်ဆေးပြီး လေဘေးကယ်ဆယ်ရေးကွပ်ကဲရေးရုံး၌ ကျင်းပသည့် အလှူငွေ ပေးအပ်ပွဲကိုတက်ရောက်အားပေးသည်။ အခမ်းအနားတွင် World Vision က မြို့နယ်ပြည်သူ့ဆေးရုံကြီး၊ တပ်မတော် ဆေးပါရဂူများအဖွဲ့နှင့် လူမှုဖူလုံရေး ဆေးခန်းများအတွက် ဆေးဝါးများ၊ Yau Sang Cheung and Nelson Enterprises ကုမ္ပဏီမှ ငွေကျပ် သိန်း ၂၅၀၊ ဦးမြသီးမိသားစုက ငွေကျပ်သိန်း ၃၀ တို့ကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းက လက်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုန်တိုင်းဒဏ်သင့်ဒေသများရှိ ကြက်ခြေနီတပ်ဖွဲ့ဝင်များ အသုံးပြုရန်အတွက် စာရေးကိရိယာများ လှူဒါန်းပွဲကို ဇွန် ၆ ရက်က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်၌ ကျင်းပရာ အလှူရှင် ပန်းဘဲတန်းမြို့နယ် (၃၂)လမ်းနေ ဟာဂျီဦးသန်းမောင် (စန်းသော်တာ စက္ကူရောင်းဝယ်ရေး)က မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကျိုးဆောင်အတွင်းရေးမှူး ဒေါက်တာလှဖေ၊ အမှုဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ခင်မောင်လှ(ငြိမ်း)နှင့် အကျိုးဆောင် ဘဏ္ဍာထိန်း ဦးကြည်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မှူခင်းတပ်ဖွဲ့ ပညာသင်စရိတ်ထောက်ပံ့

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှုခင်းတပ်ဖွဲ့၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တပ်ဖွဲ့ဝင် မိသားစုများ၏ သား၊ သမီး ၃၅၃ ဦးတို့အား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၆ ရက်က မှုခင်းတပ်ဖွဲ့ လေ့ကျင့်ရေးခန်းမ၌ ကျင်းပရာ ခေတ္တမှုခင်းတပ်ဖွဲ့မှူး ရဲမှူးကြီးအုန်းမြင့်က အထက်တန်းကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ အောက်မြန်မာနိုင်ငံ မှုခင်းတပ်ဖွဲ့ခွဲမှူး ရဲမှူးကြီးလှမင်းက အလယ်တန်းနှင့် ခေတ္တမှုခင်းတပ်ဖွဲ့မှူး၏ ဇနီး ဒေါ်အမာတင်ကြည်က မူလတန်းကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်သည်။

အထက်တန်းကျောင်းသားတစ်ဦးလျှင် ငွေကျပ် ခုနစ်ထောင်၊ အလယ်တန်း ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ငါးထောင်၊ မူလတန်းကျောင်းသားတစ်ဦးလျှင် ငွေကျပ် လေးထောင်နှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေမှာ ကျပ် ၁၇၃၆၀၀၀ ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှုခင်းတပ်ဖွဲ့၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တပ်ဖွဲ့ဝင်မိသားစုများ၏ သား၊ သမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲတွင် ခေတ္တမှုခင်းတပ်ဖွဲ့မှူး ရဲမှူးကြီး အုန်းမြင့်က အထက်တန်းကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက ဦးလှထွေးထံ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Yasuaki Nogawa က စာအုပ်ဗီရိုတစ်လုံးနှင့် လေအေးပေးစက်တစ်လုံးတို့ကို ပေးအပ်လှူဒါန်းစဉ်။ (နိုင်ငံခြားသတင်းထောက်များအသင်း)

မြန်မာနိုင်ငံ-နိုင်ငံခြား သတင်းထောက်များအသင်းသို့ ဂျပန်နိုင်ငံ သံရုံးက ပစ္စည်းများလှူဒါန်း

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးက စာအုပ်ဗီရိုတစ်လုံးနှင့် လေအေးပေးစက်တစ်လုံးတို့ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၆ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အနော်ရထာလမ်း အမှတ်-၂၄၅၊ ၂၄၇ရှိ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းရုံး၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr.Yasuaki Nogawa က လှူဒါန်းပစ္စည်းများကို မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက ဦးလှထွေးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက က ကျေးဇူးတင်စကား ပြောကြားကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ လှည့်ကင်းအဖွဲ့က ခါးပိုက်နှိုက်မှုကျူးလွန်သူများအား ဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၇

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် ခါးပိုက်နှိုက်မှုကျူးလွန်ပြီး ထွက်ပြေးလာသူသုံးဦးကို သက်သေခံငွေများနှင့်တကွ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်ပွားပုံမှာ ဇွန် ၅ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် လေးထောင့်ကန်နေ မခင်မိုးသူ ၂၇ နှစ် (ဘ) ဦးအေးချိုသည် စံပြဈေးတွင် ပေါင်နှံထားသော ရွှေထည်ပစ္စည်းများအား သွားရောက်ရွေးရန် လေးထောင့်ကန်ရွာ စိုက်ကွေ့မှတ်တိုင်မှ ၁က/၈၅၅၁(၁၇၁) ဒိုင်နာယာဉ်အား စီးလာခဲ့ကြောင်း၊ သပြေခြံမှတ်တိုင် အနီးအရောက် ဖုင်းကိုင်ထားသော လက်ဆွဲအိတ်ထဲမှ ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသည့် ငွေကျပ် ၃၂၆၄၀၀ မှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိရပြီး ယာဉ်ပေါ်ပါ အမျိုးသား သုံးဦး ကားပေါ်မှ ဆင်းပြေးသွားကြောင်း တွေ့ရှိရသဖြင့် အော်ဟစ်အကူအညီတောင်းခံရာ ဒဂုံမြို့သစ် (အရှေ့ပိုင်း) ရဲစခန်းမှ လှည့်ကင်းတာဝန်ဆောင်ရွက်နေသော ဒု-ရဲအုပ်ဝင်းစိုးနှင့် တပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးသဖြင့် သုံးခွရပ်ကွက် ရပ်သာကားမှတ်တိုင်တွင် အောင်အောင် ၄၉ နှစ် (ဘ)ဦးမာ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ထွန်းထွန်း ၄၁နှစ် (ဘ)ဦးအေးစိုး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နှင့် မောင်ချို ၄၅ နှစ်(ဘ)ဦးလာဆစ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နေသူ သုံးဦးတို့အား ဖမ်းဆီးရမိပြီး အောင်အောင်၏ ကျောပိုးအိတ်ထဲမှ မခင်မိုးသူ၏ ငွေကျပ် ၃၂၆၄၀၀ ကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။

ခါးပိုက်နှိုက်မှုကျူးလွန်သူ အောင်အောင်၊ထွန်းထွန်းနှင့် မောင်ချိုတို့အား ဒဂုံမြို့သစ်(အရှေ့ပိုင်း)ရဲစခန်းမှု(ပ)၁၄၈/၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉ (နှိုက်)ဖြင့် အမှုဖွင့်အရေးယူပြီး ကွင်းဆက်ဖော်ထုတ် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ကျောင်းများ ပြန်လည်ပြုပြင်တည်ဆောက်

လေဘေးသင့်ပြည်သူများအား အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေး

တောင်ငူ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ဘိုကလေးမြို့နယ် ပြည်သူ့ဆေးရုံတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။ (ကျန်းမာရေး)

မိုးကြယ်စင် ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ဟိုင်းကြီးကျွန်း မြို့နယ် အခြေခံပညာအထက်တန်းကျောင်းနှင့် ကုမ္ပဏီမှ လှူဒါန်းထားသည့် ရေသန့်စက်များကို တွေ့ရစဉ်။ (သတင်း-ကျော) (သတင်းစဉ်)

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်မှ အရေးပေါ်ကုသရန် လိုအပ်သည့်လူနာများအား တပ်မတော် ရဟတ်ယာဉ်ဖြင့် သယ်ဆောင်ပြီး ရန်ကုန်မြို့ရှိ သက်ဆိုင်ရာဆေးရုံကြီးများသို့ သူနာပြုယာဉ်များဖြင့် ပို့ဆောင်ပေးစဉ်။ (သတင်းစဉ်)

ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေး

တိုင်းအေး ဆေးရုံသင်္ဘောဖြင့် မြောက်ဥက္ကလာပဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ဆရာဝန်များ၊ သူနာပြုများ ပါဝင်သောအဖွဲ့ ဘိုကလေးမြို့နယ်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။ (ကျန်းမာရေး)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၆-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂း၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် - အိပ်မက်တွေတူနေလား**
- ၁း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၂း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၄း၄၅ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၃၅ ၁၂။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဒိုးဒိုးဒေါက်ဒေါက် ဘုန်းဘောက် (အပိုင်း-၆)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဆန့်ကျင်ဘက်နှလုံးသား (အပိုင်း-၁၅)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

နာဂစ်ထက်ဆိုးတဲ့ရန်သူ

ငါးမင်းဆွေ

နာဂစ်မုန်တိုင်း မြန်မာနိုင်ငံကို ဝင်ရောက်မွှေနှောက်ပြီး မြန်မာနိုင်ငံသားတို့၏ အသက်ပေါင်းများစွာနှင့် ပစ္စည်းဥစ္စာတို့ကို ဖျက်ဆီးခဲ့သည်မှာ တစ်လကျော်လွန်ခဲ့ပါပြီ။ နာဂစ်မုန်တိုင်းသည် မြန်မာနိုင်ငံမှနေ၍ ထိုင်းနိုင်ငံသို့ဝင်ရောက်ပြီး ပျောက်ကွယ်သွားခဲ့ပါသည်။ နာဂစ်မုန်တိုင်း ပျောက်ကွယ်သွားခဲ့ပြီဖြစ်သော်လည်း နာဂစ်ထက်ဆိုးသည့် ရန်သူက တစ်စခန်းထလာပြန်သည်။ သူခိုးဓားပြထက်ဆိုးတဲ့ရန်သူမှာ " မီး" ဖြစ်သကဲ့သို့ နာဂစ်ထက်ဆိုးသည့် ရန်သူကား မည်သူပါနည်း။

နာဂစ်မုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီးနောက် အသက်မသေဘဲကျန်ရစ်ခဲ့သော လေဘေးဒုက္ခသည်များကို ပြည်ပနိုင်ငံများ၊ ပြည်တွင်း၊ ပြည်ပမှ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက အလှူရှင်များက စေတနာသဒ္ဓါထက်သန်စွာ ကူညီထောက်ပံ့လှူဒါန်းလျက်ရှိနေကြပါသည်။ စေတနာသန့်သန့်ဖြင့် နိုင်ငံရေးပယောဂများ၊ နှောင်ကြိုးများမပါသည့် ကူညီထောက်ပံ့လှူဒါန်းမှုများကို နိုင်ငံတော်အစိုးရနှင့်တကွ မြန်မာပြည်သူတစ်ရပ်လုံးက ကျေးဇူးတင်ဝမ်းမြောက်စွာ ကြိုဆိုလက်ခံလျက် ရှိကြပါသည်။ ထိုသို့ ပြည်တွင်းပြည်ပမှ အလှူရှင်များ သဒ္ဓါတရား ထက်သန်စွာ လှူဒါန်းကြသည်မှာ ဘာမျှမကြာသေး၊ ပြည်ပအသံလွှင့်ဌာနတို့မှနေ၍ အသံတစ်သံထွက်လာသည်။ ပြည်ပအသံလွှင့်ဌာနတို့၏ ဖောက်သည်ဖြစ်နေသူတစ်ဦးက လေဘေးဒုက္ခသည်တွေအတွက် ကူညီလိုက်တဲ့ ခေါက်ဆွဲခြောက်ထုပ်တွေ ဒုက္ခသည်တွေ ရသလား မရသလားတော့ မသိဘူး၊ ညောင်ပင်လေးဈေးမှာ ဝယ်စားလို့ရနေပြီဟု ပြောဆိုသွားသည်ကို ကြားလိုက်ရပါသည်။ နိုင်ငံခြား ခေါက်ဆွဲခြောက် ထုပ်ဆိုသည်မှာ ယခင်ကတည်းက စတိုးဆိုင်များ၊ ကုန်တိုက်များ၊ ဈေးကြီးများတွင် ရှိပါသည်။ လေဘေးဒုက္ခသည်တို့က မိမိတို့ရထား သောခေါက်ဆွဲခြောက်ထုပ်များကို မစားရက်မသောက်ရက်ဘဲ ငွေပေါ်အောင်ပြန်ရောင်းစားတာလည်းဖြစ်နိုင်ပါသည်။ ထိုလူပြောသံကြားပြီးနောက် ဆိုင်များပေါ်တွင် နိုင်ငံခြားခေါက်ဆွဲခြောက်ထုပ်များရှိသလားဟု ကျွန်တော်သတိထားကြည့်ရာ မတွေ့ရပါ။ များများစားစားမဟုတ်ဘဲ တစ်ထုပ်တလေအပြင်ရောက်လာတာကို ပုံကြီးချဲ့ပြီး ပြည်ပမှ လှူဒါန်းသည့်ပစ္စည်းများ ဈေးကွက်ထဲရောက်နေပြီဟု ပြည်ပအသံလွှင့်ဌာနများနှင့် အပေါင်းပါဖြစ်သူ ထိုသူ၏ပြောဆိုမှုသည် အလှူရှင်နိုင်ငံများနှင့် အဖွဲ့အစည်းတို့၏သဒ္ဓါတရားကို လျော့ပါးသွားအောင် ပြုလုပ်လိုက်ခြင်းပင်ဖြစ်သည်။

ပြည်ပအသံလွှင့်ဌာနများနှင့် အပေါင်းပါတို့က ပြည်ပမှ လှူဒါန်းလိုက်သည့်သွပ်များကို ကုန်တင်ကားကြီးဖြင့် ဘုရင့်နောင်ဈေး အိမ်ဆောက်ပစ္စည်းဆိုင်တွင် လာရောင်းသည်ကို တွေ့မြင်ရပါသည်ဟု ပြောဆိုသွားသည်ကို ကြားလိုက်ရပါသည်။ သို့ရာတွင် ထိုတွေ့မြင် သူသည်ကားနံပါတ်ဘယ်လောက်ဖြစ်သည်ကို ပြောမသွားပါ။ အိမ်ဆောက်ပစ္စည်းဆိုင်တိုင်းတွင် ဘိလပ်မြေ၊ သွပ်၊ သံချောင်း စသည့် အိမ်ဆောက်ပစ္စည်းများကို ကုန်တင်ကားများဖြင့် ထုတ်တာ၊ သွင်းတာ ရှိပါလိမ့်မည်။ ဤသို့အခြေအမြစ်မရှိဘဲ ယုန်ထင်ကြောင်ထင်ဖြစ်အောင် ပြောဆိုထုတ်လွှင့်ခြင်းသည် အလှူရှင်နိုင်ငံများ၊ အဖွဲ့အစည်းများက မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့အပေါ် ယုံကြည်မှုပျက်ပြားအောင် တမင်သက်သက် လီဆယ်လုပ်ကြံခြင်း ဖြစ်ပါသည်။

၂၉-၅-၂၀၀၈ရက်နေ့ထုတ်ကြေးမုံသတင်းစာတွင် ဆောင်းပါးရှင် လှိုင်အောင်၏ "နှစ်အကူးမှာတော့ ပုရစ်ဖူးတို့ ဝေကြပေလိမ့်မည်" ဆောင်းပါးကိုဖတ်လိုက်ရပါသည်။ ထိုဆောင်းပါးသည် သုတရသမြောက်သော ဆောင်းပါးတစ်ပုဒ်ဖြစ်ပါသည်။ ထိုဆောင်းပါး တွင် နိုင်ငံတကာမှလှူဒါန်းသည့် ချောကလက်တောင့်များ မစားရလျှင်လည်း ဧရာဝတီသားတို့ ကိုယ့်အားကိုယ်ကိုး အသက်ရှင်နိုင်ပါသည်။ လယ်ကြားမြောင်းကြားထဲမှ ငါးများ၊ ဖားများနှင့် အလေ့ကျပေါက်နေသော မှိုနတို၊ ကညွတ်တို့ကို ခူးစားပြီး ဧရာဝတီသားတို့ ကိုယ့်အားကိုယ်ကိုး ရှင်သန်နိုင်ပါသည်ဟုရေးသားထားပါသည် ထိုသို့ရေးသားခြင်းသည် ဆောင်းပါးရှင် လှိုင်အောင်အနေဖြင့် အလှူရှင်နိုင်ငံများနှင့် အဖွဲ့အစည်းများကို စော်ကားမော်ကားရေးလိုက်ခြင်းမဟုတ်ပါ။ မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်ကို ဖွင့်ဟပြောဆိုပြီး လေဘေးဒုက္ခသည်မြန်မာတို့ကို လမ်းပြအားပေးလိုက်ခြင်းပင်ဖြစ်ပါသည်။ ထိုဆောင်းပါးထဲ၌ ယခုနာဂစ်မုန်တိုင်း၏ အဖျက်အင်အားကြောင့် ကြီးမားစွာ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုအတွက် နိုင်ငံတကာမိသားစုမှ စေတနာအပြည့်ဖြင့် ထောက်ပံ့ကူညီသည်များကို မြန်မာပြည်သူတို့က လှိုက်လှဲဝမ်းသာစွာ လက်ကမ်းကြိုဆိုပါသည်။ ယာယီအားဖြင့် ခေါက်ဆွဲခြောက်ထုပ်နှင့် ဘီစကွတ်မုန့်ထုပ်တို့ လိုကောင်းလိုပါလိမ့်မည်ဟု ရေးသားထားသည်ကို ကြည့်ခြင်းအားဖြင့် ဆောင်းပါးရှင် လှိုင်အောင်သည် အလှူရှင်နိုင်ငံများ၊ အဖွဲ့အစည်းများ စေတနာပျက်အောင် အလှူရှင်များကိုစော်ကားရေးသားခြင်း မဟုတ်ကြောင်း သိသာနိုင်ပါသည် "အတ္တာဟိအတ္တနော နာထော" မိမိကိုယ်သာ ကိုးကွယ် အားထားရာဆိုသည့် ဗုဒ္ဓဘုရားရှင်၏တရားတော်အတိုင်း မုန်တိုင်းဒဏ်ခံရသော ဧရာဝတီသားတို့ ကိုယ့်အားကိုယ်ကိုးကြရန် ဆောင်းပါးရှင် လှိုင်အောင်က တိုက်တွန်းရေးသားလိုက်ခြင်းသာ ဖြစ်ပါသည်။

"နိုင်ငံတကာမှလှူဒါန်းသည့် ချောကလက်များ မစားရလျှင်လည်း ကိုယ့်အားကိုယ်ကိုး အသက်ရှင်နိုင်ပါသည်" ဆိုသော ဆောင်းပါးရှင်လှိုင်အောင်၏ စာပိုဒ်တစ်ပိုဒ်ကို အထအနကောက်ပြီး ပြည်ပအသံလွှင့်ဌာနတို့က ပြက်ရယ်ပြု ပြောဆိုလာကြသည်။ အလှူရှင်နိုင်ငံများနှင့် အဖွဲ့အစည်းများ စေတနာသဒ္ဓါပျက်အောင် လှုံ့ဆော်လာကြသည်။ ထိုသို့ ပြက်ရယ်ပြုပြောဆိုနေကြသည်မှာ တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်း မဟုတ်၊ သုံးလေးရက်တိုင် ကြားနေရပါသည်။ ဤသို့ပြည်ပအသံလွှင့်ဌာနတို့၏ လုပ်ဆောင်မှုများသည် နောက်ဆုံးတွင်မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူတို့ကိုသာ ထိခိုက်နစ်နာစေမည်ဖြစ်သည်။

ပြည်ပအသံလွှင့်ဌာနတို့၏ ဖောက်သည်တစ်ဦးကလည်း ဒုက္ခသည် ဧရာဝတီသားတွေ ချောကလက်တို့၊ဘီစကွတ်တို့မှမစားရရင် ဘာစားရမလဲ၊ လူသေကောင်တွေစားရမလားဟု မိုက်ရိုင်းစွာပြောဆိုသွားပါသည်။ ကျွန်တော် ရိုးရိုးသားသား ဆွေးနွေးလိုပါသည်။ ကျွန်တော်ငါးမင်းဆွေဟာ ငါး၊ ပုစွန် သားဖောက်မွေးမြူသူတစ်ယောက်ဖြစ်တဲ့အတွက် ငါး၊ ပုစွန်အကြောင်းကို အတော်အတန်သိပါတယ်။ မေလဆိုတာ ငါးရစ်တက်ချိန်ပါ။ ဒီနှစ်ဧရာဝတီမှာ ဥပါတဲ့ငါးရစ်ငါးတွေကို ဘယ်သူမှ မဖမ်းလိုက်ရပါဘူး။ ဥပါတဲ့ငါးတစ်ကောင်၊ ပုစွန်တစ်ကောင်၊ ကဏန်းတစ်ကောင်ကနေ သားပေါက်သိန်းသန်းချီပြီး ပေါက်ပါတယ်။ ပေါက်လာတဲ့ ငါး၊ ပုစွန်၊ ကဏန်း သားပေါက်ငယ်လေးတွေဟာ သူတို့ပတ်ဝန်းကျင်မှာ ခါတိုင်းထက် အစာရေစာပေါများတာကြောင့် ရှင်သန်နှုန်းကောင်းကြပါလိမ့်မယ်။ ဒါကြောင့် ဒီနှစ်ဧရာဝတီတိုင်းမှာ သားငါးပုစွန်အများကြီး ပေါများပါလိမ့်မယ်။ ဆောင်းပါးရှင်လှိုင်အောင်ပြောသလို ဧရာဝတီသားတွေဟာ ငါး ပုစွန်ကို ကွန်ပစ်ပြီး ဖမ်းစရာတောင်မလိုပါဘူး။ လက်နဲ့လိုက်စမ်းရုံနှင့် ဟင်းစားရဖို့မခဲယဉ်းဘူးဆိုတာ သိစေချင်ပါတယ်။

နိုင်ငံရေးပယောဂများနှင့် နှောင်ကြိုးမပါသည့် စိတ်စေတနာသန့်သန့်ဖြင့်ကူညီသော မည်သည့်နိုင်ငံ၏ အကူအညီမျိုးကိုမဆို ကျေးဇူးတင်စွာ လက်ခံလျက်ရှိကြောင်း နိုင်ငံတော်ဝန်ကြီးချုပ်က မေလ ၂၅ ရက်နေ့တွင် ပြုလုပ်ခဲ့သော ကွန်ဖရင့်တွင် ရှင်းရှင်းလင်းလင်း ပြောကြားခဲ့ပြီး ဖြစ်ပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပြောကြားချက်သည် နိုင်ငံတော်အစိုးရ၏ သဘောထားပင် ဖြစ်ပါသည်။ မြန်မာပြည်သူတို့ကလည်း နိုင်ငံတော်အစိုးရနှင့် တစ်သဘောတည်းပင်ဖြစ်ကြပါသည်။ မိမိနိုင်ငံကို ခြေတော်တင်အသုံးချမည့် အကြံအစည်ဖြင့် လှူဒါန်းမှုမျိုးကို မျိုးချစ်စိတ်ဓာတ်ရှိသော မြန်မာတိုင်းက ဆန့်ကျင်ကြမည်သာဖြစ်ပါသည်။ သမီးပျိုကို ခြေတော်တင် ဖျက်ဆီးမည့်အကြံဖြင့် ပေးကမ်းထောက်ပံ့လာသောငွေကြေးချမ်းသာသူတစ်ယောက်၏ ကူညီထောက်ပံ့မှုမျိုးကို ဘယ်မိဘမောင်ဖွားကမှ လက်ခံကြမည်မဟုတ်ပါ။ ဤသည်မှာ မြန်မာတို့၏ စိတ်ဓာတ်အရင်းခံဖြစ်သည်။

အနောက်အုပ်စုနိုင်ငံကြီးအချို့သည်မြန်မာနိုင်ငံကိုခြေတော်တင် အသုံးချနိုင်ရန် ရည်ရွယ်ချက်ဖြင့် စီးပွားဒဏ်ခတ် ပိတ်ဆို့မှုများကို အကြံပက်စက်စွာ လုပ်ဆောင်လျက်ရှိကြပါသည်။ စီးပွားရေးချွတ်ခြုံကျလာပါက ၎င်းတို့အား ဒူးထောက်လာမည်ဟု ထင်မှတ်နေပုံရကြသည်။ သို့သော် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့သည် စည်းလုံးညီညွတ်စွာ ကိုယ့်လမ်းကိုယ်ထွင်၊ ကိုယ့်ခရီးကိုယ်နှင်ခဲ့ကြရာ ယခုအခါ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်လုနီးပြီ ဖြစ်ပါသည်။ ပန်းတိုင်ရောက်လုနီးအချိန်တွင် ကံကြမ္မာမုန်တိုင်းက ကျွန်တော်တို့ကို ဒုက္ခပေးခဲ့သည်။မည်သို့ပင် ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရစေကာမူ မြန်မာတို့သည် ဇွဲ၊ လုံ့လဝီရိယတို့ဖြင့် ဆက်လက်ချီတက်လျှောက်လှမ်းခဲ့ကြသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို တစ်ခဲနက်ထောက်ခံအတည်ပြုနိုင်ခဲ့ကြပါသည်။ ဤသို့ မြန်မာတို့၏ စည်းလုံးညီညွတ်မှုနှင့် ဇွဲသတ္တိတို့ကိုကြည့်ပြီး အနောက်အုပ်စုနိုင်ငံကြီးတို့သည် မိမိတို့၏ စီးပွားဒဏ်ခတ် ပိတ်ဆို့မှုတွေဟာ အလုပ်မဖြစ်တော့ပါကလားဆိုသည်ကို သိကြဖို့ကောင်းပါပြီ။ ယခုလို အချိန်အခါမျိုးတွင် အနောက်အုပ်စုနိုင်ငံကြီးများသည် မြန်မာနိုင်ငံကို စိတ်စေတနာသန့်သန့်ဖြင့် ရက်ရက်ရောရော ထိထိရောက်ရောက်ကူညီကြပါလျှင် နာစရာရှိလျှင် လွမ်းစရာနှင့်ဖြေတတ်ကြသော မြန်မာတို့သည် အနောက်အုပ်စု၏ စီးပွားဒဏ်ခတ် ပိတ်ဆို့မှုကြောင့် အနောက်အုပ်စုအပေါ် ဖြစ်ပေါ်နေသောနာကြည်းမှုများကို မေ့ပစ်လိုက်နိုင်ကြပါလိမ့်မည်။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် ခါးသီးသော သမိုင်းကပေးသည့် အတွေ့အကြုံသင်ခန်းစာများ ရှိကြသည်။ ထိုအတွေ့အကြုံသင်ခန်းစာကို ရယူပြီး မိမိတို့နှင့် ကိုက်ညီသည့် နိုင်ငံရေးစနစ်ကို စည်းလုံးညီညွတ်စွာ ဖော်ဆောင်လုပ်ကိုင်နိုင်သည့် နိုင်ငံတို့သည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာကြပါသည်။ ကျွန်တော်တို့မြန်မာနိုင်ငံသည်လည်း သမိုင်းကပေးသော ခါးသီးသည့်အတွေ့အကြုံသင်ခန်းစာကြီးကို ကောင်းကောင်းရရှိခဲ့ပါသည်။ **နိုင်ငံလွတ်လပ်ရေးရခါစ ၁၉၄၈-၄၉ အချိန်ကာလတွင် ကျွန်တော်တို့နိုင်ငံသည် ပြည်ပနိုင်ငံများ၏ ဝင်ရောက်စွက်ဖက် ခြယ်လှယ်မှုများကြောင့် နိုင်ငံရေးပါတီများကြား၊ တိုင်းရင်းသားလူမျိုးများကြား စည်းလုံးညီညွတ်မှုပျက်ပြားကာ နှစ်(၄၀)ကြာအောင် ပြည်တွင်းသောင်းကျန်းမှုကာလရှည်ကြာခဲ့ရသည်။ ထိုနှစ်(၄၀)ကြာ စစ်မီးလျှံ၏ အဖျက်စွမ်းအားသည် ယခုနာဂစ်မုန်တိုင်းထက် အဆပေါင်းများစွာ ပိုခဲ့သည်။ နာဂစ်ထက် အဖျက်စွမ်းအား အဆပေါင်းများစွာကြီးမားသော နှစ်(၄၀) သောင်းကျန်းမှု စစ်မီးကြီးကို စတင်မီးမွှေးပေးလိုက်သူတို့မှာနာဂစ်ထက်ဆိုးသောရန်သူများပင် ဖြစ်ပါသည်။ ပြည်ပနိုင်ငံများ၏ စွက်ဖက်ခြယ်လှယ်မှုကြောင့် ကျွန်တော်တို့နိုင်ငံသည် နာဂစ်ထက်ဆိုးသော ဘေးဒုက္ခကိုခံခဲ့ရပြီးဖြစ်သည်။ ထိုသမိုင်းမှပေးသော သင်ခန်းစာကိုယူပြီး ကျွန်တော်တို့ မြန်မာနိုင်ငံသည် ဘယ်သောအခါမှ ပြည်ပနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်ခြယ်လှယ်မှုကို ခေါင်းငုံ့ခံမည်မဟုတ်ပါ။**

ယခုအခါ နာဂစ်မုန်တိုင်းကိုအကြောင်းပြုပြီး ပြည်ပအသံလွှင့်ဌာနများသည် မြန်မာနိုင်ငံအပေါ် ပြည်ပစွက်ဖက် ခြယ်လှယ်မှုများ ဖြစ်ပေါ်လာစေရန် ဘေးတီးလုပ်ဆောင်လျက်ရှိကြပါသည်။ ပြည်ပစွက်ဖက်ခြယ်လှယ်မှုများ ဖြစ်ပေါ်လာပြီး မြန်မာနိုင်ငံကို ၁၉၄၈-၄၉ အခြေအနေသို့ရောက်အောင် လုပ်ဆောင်နေကြသော ပြည်ပအသံလွှင့်ဌာနများသည် နာဂစ်ထက်ဆိုးသော ရန်သူများပင်ဖြစ်သည်။ ပြည်ပအသံလွှင့်ဌာနတို့သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ

စာမျက်နှာ ၇ ကော်လံ ၁ သို့

ပြည်ပအသံလွှင့်ဌာနများ၏ အသံလွှင့်ချက်များကို ကြာကြာနားထောင်လာသောအခါ အဆိုပါ သတင်းဌာနများ၏ မြန်မာနိုင်ငံအကြောင်းနှင့်ပတ်သက်ပြီး မဟုတ်တမ်းတရမ်းများကို ပုံကြီးချဲ့ထုတ်လွှင့်ခြင်း၊ တစ်ဆိတ်ကို တစ်အိတ်လုပ်၍ အမှန်နည်းနည်း၊ အမှားများများပါသော သတင်းများ ထုတ်လွှင့်ခြင်းတို့ကို ရိပ်မိလာ။

❍ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

မကျင်းပမီအချိန်ကလည်း ပြည်သူလူထုက ဖွဲ့စည်းပုံအခြေခံဥပဒေကိုကန့်ကွက်ကြရန် အပြင်းအထန် သွေးထိုးလှုံ့ဆော်ခဲ့ကြသည်။ သို့သော် ကျွန်တော်တို့ မြန်မာပြည်သူတို့၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် နာဂစ်ထက်ဆိုးသော ရန်သူဖြစ်သည့် ပြည်ပအသံလွှင့်ဌာနတို့၏ သွေးထိုးလှုံ့ဆော်မှုကို ကျော်လွှားနိုင်ခဲ့ ကြပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအား မြန်မာပြည်သူ ရာခိုင်နှုန်း ၉၀ ကျော်က ထောက်ခံကြသည်ကို ကြည့်ခြင်းဖြင့် ပြည်ပအသံလွှင့်ဌာနများအနေဖြင့် မိမိတို့၏ သွေးထိုးလှုံ့ဆော်မှုများ အလုပ်မဖြစ်တော့သည်ကို သိမြင်ကြဖို့ကောင်းပါပြီ။ ဤနေရာတွင် ကျွန်တော့်ကိုယ်တွေ့ အတွေ့အကြုံတစ်ခုကို ပြည်ပအသံလွှင့်ဌာနများသိစေရန် ပြောပြလိုပါသည်။ ကျွန်တော့်အဖေသည် နွားဝှေ့ခံရသဖြင့် တင်ပါးဆုံရိုးကျိုးသွားသည်။ ခွဲစိတ်ကုသခဲ့သော်လည်း အသက်ကြီးပြီဖြစ်သောကြောင့် မူလအခြေအနေသို့ ပြန်မရောက်တော့ပါ။ ခြေတစ်ဖက် မသန်မစွမ်းဖြစ်သွားသော အဖေ့အား ကျွန်တော်က ဒီဂျစ်တယ်ရေဒီယိုငယ်လေးတစ်လုံး ဝယ်၍ ကန်တော့လိုက်ပါသည်။ အဖေသည် ထိုနေ့မှစ၍ ပြည်ပအသံလွှင့်ဌာနများနှင့် အဆက်အသွယ် ရသွားပါတော့သည်။ အဖေသည် သတင်းဦး သတင်းထူးများ လွတ်သွားမည်စိုး၍ ပြည်ပအသံလွှင့်ဌာနများ အသံမလွှင့်မီ ငါးမိနစ်လောက်အလိုတွင် သူ့ရေဒီယိုငယ်လေးကို ဖွင့်ထားပြီးဖြစ်နေသည်။ ဤမျှလောက် ပြည်ပအသံလွှင့်ဌာနများကို စွဲလမ်းသူဖြစ်ပါသည်။

အဖေသည် ပြည်ပအသံလွှင့်ဌာနများ၏ အသံလွှင့်ချက်များကို ကြာကြာနားထောင်လာသောအခါ အဆိုပါ သတင်းဌာနများ၏ မြန်မာနိုင်ငံအကြောင်းနှင့်ပတ်သက်ပြီး မဟုတ်တမ်းတရမ်းများကို ပုံကြီးချဲ့ထုတ်လွှင့်ခြင်း၊ တစ်ဆိတ်ကို တစ်အိတ်လုပ်၍ အမှန်နည်းနည်း၊ အမှားများများပါသော သတင်းများ ထုတ်လွှင့်ခြင်းတို့ကို ရိပ်မိလာသည်ဟု ကျွန်တော်ထင်ပါသည်။ ယင်းအသံလွှင့်ဌာနများက သွေးထိုးမှုအမျိုးမျိုးဖြင့် သတင်းများကို လုပ်ကြံထုတ်လွှင့်သော်လည်း အဖေသည် အတွေ့အကြုံရင့်ကျက်သော လူကြီးပီပီ သတင်းများအပေါ် ခွဲခြမ်းစိတ်ဖြာ သုံးသပ်ပြလာပါသည်။ သတင်းများကို သိချင်စိတ်ပြင်းပြ၍ နားထောင်နေသော်လည်း လွှင့်သမျှအပေါ် မဆင်မခြင် ယုံကြည်လက်ခံမှုမရှိဘဲ အကောင်းအဆိုး၊ အကြောင်းအကျိုး ချင့်ချိန်၍ ယုံကြည်လက်ခံလာကြောင်း အဖေနှင့် အဖေ့မိတ်ဆွေများ၏ နေ့စဉ်သတင်းဆွေးနွေး သုံးသပ်နေသံများအရ ကျွန်တော် သိရှိလာခဲ့ခြင်း ဖြစ်ပါသည်။

ဆန္ဒခံယူပွဲ နီးလာချိန်တွင် ပြည်ပအသံလွှင့်ဌာနများသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကန့်ကွက်ကြရန် နေ့စဉ်သွေးထိုးလှုံ့ဆော်ခဲ့ပါသည်။ အဖေသည် ထိုနေ့ရက်များကလည်း သတင်းများကို နေ့စဉ်နားထောင်ပါသည်။ ထို့နောက် အသံလွှင့်ထုတ်လွှင့်ချက်များအနက်မှ ကန့်ကွက်သင့်သည်ဟု သတင်းထုတ်လွှင့်ချက်အပေါ် ၎င်း၏မှတ်တမ်းမှတ်ရာ သတင်းစာဖြတ်ပိုင်း၊ စာအုပ်၊ စာစောင်များကို ကိုးကား၍ အဖေနှင့် အဖေ့မိတ်ဆွေများ ဆွေးနွေးငြင်းခုံခြင်း ပြုနေသည်ကို ကျွန်တော် မြင်နေ၊ တွေ့နေခဲ့ရပါသည်။

၁၀-၅-၂၀၀၈ ရက်နေ့က ဆန္ဒခံယူပွဲ မဲထည့်၍ပြန်လာသည့် အဖေ့အား ကျွန်တော်က အဖေ ဘာမဲထည့်ခဲ့သလဲဟု မေးကြည့်ရာ အမှန်ခြစ်လိုက်ပါတယ်သားရယ်ဟု ဖြေကြားသည်ကို ကြားရသဖြင့် ကျွန်တော်သည် အံ့သြဝမ်းသာသွားခဲ့ရပါသည်။ အဖေ၏ ဖြေကြားချက် ကြားသိရပြီးနောက်တွင် ကျွန်တော်၌ အသိတရားတစ်ခု ရလာခဲ့ပါသည်။ ယင်းမှာ **ကျွန်တော်တို့ မြန်မာတိုင်းရင်းသားများသည် ကိုယ့်ရပ်ရွာ၊ ကိုယ့်ဒေသကို အလွန်ခင်တွယ်သော လူမျိုးများဖြစ်ကြောင်း၊ အလားတူ ကိုယ့်တိုင်းပြည်၊ ကိုယ့်အမျိုးကိုလည်း အလွန်ချစ်ခင်မြတ်နိုးသော လူမျိုးဖြစ်ကြောင်း၊ ဤကဲ့သို့သော စိတ်ထားများ မြန်မာလူမျိုးတိုင်းတွင် ရှိနေသည်ဖြစ်ရာ ကျွန်တော်ကိုယ်တိုင်နှင့် ကျွန်တော့်ပတ်ဝန်းကျင်တွင် အုပ်ချုပ်သူအာဏာပိုင်အချို့နှင့် လုပ်ငန်းများ အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ ရံဖန်ရံခါသဘောထားကွဲလွဲမှုများ၊ ၎င်းတို့၏ စီမံဆောင်ရွက်နေမှုအပေါ် စိတ်တိုင်းမကျမှုများရှိခဲ့သော်လည်း ကျွန်တော်တို့အားလုံး၏ ရင်ထဲတွင် တူညီသောဆန္ဒမှာ နိုင်ငံကောင်းစားရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသာဖြစ်သဖြင့် နိုင်ငံတော်၏ စေတနာမှန် သော လုပ်ဆောင်ချက်များအပေါ်တွင် ကျွန်တော်တို့ အားပေးထောက်ခံမှုပြုရုံသာ ရှိပါ သည်။ ထို့ကြောင့်လည်း ယခုကဲ့သို့ နိုင်ငံ့အကျိုးကို ရည်မျှော်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ၉၀ ရာခိုင်နှုန်းကျော်သော ပြည်သူလူထုက တစ်ခဲနက် ထောက်ခံခဲ့ကြခြင်းဖြစ်မည် ထင်ပါသည်။**

ဤမျှလောက် ဆိုလျှင် ပြည်ပအသံလွှင့်ဌာနများနှင့် အပေါင်းပါ များသည် မိမိတို့၏ သွေးထိုးလှုံ့ဆော် ဝါဒဖြန့်မှုများ အလုပ်မဖြစ် တော့သည်ကို သိရှိကြဖို့ ကောင်းပါပြီ။ မြန်မာပြည်သူတို့၏ စည်းလုံးညီညွတ်မှုနှင့် အမှားအမှန် ဝေဖန်ချင့်ချိန်နိုင်မှုကို သိရှိကြဖို့ကောင်းပါပြီ။ ပြည်ပအသံလွှင့်ဌာနတို့သည် မိမိတို့၏ အလုပ်မဖြစ်တော့သော သွေးထိုးလှုံ့ဆော် ဝါဒဖြန့်မှုများကို ငွေကုန်ခံ၊ အချိန်ကုန်ခံပြီး ဆက်လက်လုပ်ဆောင်ခြင်း မပြုလုပ်ကြတော့ဘဲ ယထာဘူတကျကျ၊ ကျင့်ဝတ် စည်းကမ်းနှင့်အညီ ထုတ်လွှင့်ဖော်ပြသင့်ပြီဖြစ်ကြောင်း တိုက်တွန်းလိုက်ပါသည်။ ။

✻ ကျောဖုံးမှ

မုန်တိုင်းဒဏ် ခံရပြီးနောက် ချက်ချင်းဆိုသလိုပင် ကျန်းမာရေးဝန်ကြီး ကိုယ်တိုင် ပါဝင်စီစဉ်သည့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ခံရသူများအား ဆေးဝါးကုသစောင့်ရှောက်မှုလုပ်ငန်းများအား အလျင်အမြန်ဆောင်ရွက်ရန် အထူးကု ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များနှင့် သူနာပြုများ စုဖွဲ့ထားသည့် အရေးပေါ် ဆေးကုသရေးအဖွဲ့ ခြောက်ဖွဲ့ကို ဖွဲ့စည်းကာ ကုန်းလမ်းနှင့် ရေလမ်းတို့မှ သွားရောက်ကာ ဆေးဝါးကုသမှုပေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ ဆေးဝါးကုသမှုပေးရာတွင် ရေကြောင်းမှသွားရောက်ကာ ဆေးဝါးကုသပေးမှုနှင့် ပတ်သက်၍လည်း ဒေါက်တာဝင်းမြင့်က "မေ ၁၉ ရက်ကနေပြီး မေ ၂၅ ရက်အထိ သမားတော်၊ ကလေးအထူးကုဆရာဝန်၊ အရိုးအထူးကုဆရာဝန်၊ စိတ်ရောဂါအထူးကုဆရာဝန်၊ သွားဆေးကုဆရာဝန်၊ လက်ထောက်ဆရာဝန်များနှင့် အမျိုးသားသူနာပြုများ အပါအဝင် တစ်ဖွဲ့ကို စုစုပေါင်း ၁၃ ဦးစီပါတဲ့ အမျိုးသားဆေးကုအဖွဲ့ သုံးဖွဲ့ခွဲပြီး တိုင်းအေး၊ တတိုင်းမွှေးနဲ့ ဝေသန္တရာ သင်္ဘောသုံးစင်းနဲ့ ဘိုကလေး၊ လပွတ္တာနဲ့ ဖျာပုံမြို့နယ်တွေမှာ ကျေးရွာတွေအရောက် ဆေးကုသစောင့်ရှောက်မှုပေးခဲ့ပါတယ်" ဟု ရှင်းပြသည်။

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့် ခံရသည့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့က ကုသမှုပေးနေသည်ကို တွေ့ရစဉ်။

ထိုသို့ သင်္ဘောဖြင့် ဆေးဝါးကုသမှုပေးရာတွင် လေဘေးသင့် ခံရသည့် ဘိုကလေးမြို့နယ်တွင် တိုင်းအေး ဆေးရုံ သင်္ဘောဖြင့်လည်းကောင်း၊ ဖျာပုံမြို့နယ်အတွက် တတိုင်းမွှေး ဆေးရုံသင်္ဘောဖြင့် လည်းကောင်း၊ လပွတ္တာမြို့နယ်အတွက် ဝေသန္တရာ ဆေးရုံသင်္ဘောဖြင့် လည်းကောင်း ကျန်းမာရေး စောင့်ရှောက်ကုသမှု လုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆေးဝါးပစ္စည်းများနှင့် သွားထိုင်ခုံများကအစ ပါရှိသည်ဖြစ်ရာ လေဘေးသင့်ခံရသည့် ဒေသခံများအနေဖြင့် ရောဂါအမျိုးအမည် အတော်များများကို အခမဲ့ ကုသခံယူခွင့်ရရှိနေကြပြီဖြစ်သည်။ အရေးပေါ်ကုသရမည့် လူနာများအား အနီးစပ်ဆုံး ဆေးရုံများသို့ဖြစ်စေ၊ ရန်ကုန်မြို့သို့ဖြစ်စေ သယ်ယူလွှဲပြောင်း ကုသပေးလျက်ရှိသည်။

ယခုကဲ့သို့ ဆေးရုံသင်္ဘောများဖြင့် ဆေးဝါးကုသမှု၌ လိုအပ်သည့် ဆေးဝါးများနှင့် ပတ်သက်၍လည်း "ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး ဗဟိုသိုလှောင်ရုံကနေပြီး လိုအပ်တဲ့ ဆေးဝါးတွေကို ပြည့်ပြည့်ဝဝ သုံးစွဲ ကုသလို့ရအောင် ထုတ်ယူဖြည့်ဆည်းပေးပါတယ်။ ဆေးရုံသင်္ဘောတွေပေါ်မှာ ဆေးဝါးတွေ အလုံအလောက် ပါရှိတာမို့ လေဘေးသင့်ခံရတဲ့သူတွေကို ဆေးဝါးပြည့်ပြည့်စုံစုံနဲ့ ကုသမှုပေးနိုင်ပါတယ်။ ဒီလို ဆေးဝါးကုသမှုတွေကို အထူးကုဆရာဝန်တွေ ကိုယ်တိုင်ကြည့်ရှုစစ်ဆေးကုသမှု ပေးနေတာပါ။ ကုသမှုကော ဆေးဝါးတွေပါ အားလုံး အခမဲ့ ဖြစ်ပါတယ်"ဟု ဒေါက်တာဝင်းမြင့်က ဆက်လက်ရှင်းပြသည်။

ဧရာဝတီတိုင်းအတွင်း နေရာဒေသအသီးသီးရှိ လေဘေးသင့်ခံရသည့် ပြည်သူများအား ဆေးဝါးကုသမှုပေးရာတွင်လည်း "လေဘေးသင့် ခံရတဲ့သူတွေအနေနဲ့ အများဆုံး လာရောက်ပြသ ကုသကြတာကတော့ သွားရောဂါ ဝေဒနာရှင်တွေနဲ့ သာမန်ရောဂါတွေပဲဖြစ်ပါတယ်။ အခုအချိန်ထိ ကူးစက်ရောဂါဖြစ်ပွားမှုတွေ မရှိသလို ကူးစက်ရောဂါနဲ့ပတ်သက်ပြီး လာရောက်ပြသ ကုသတဲ့သူတွေလည်း မရှိသလောက်နည်းပါတယ်။ အခုလို ဆေးရုံသင်္ဘောတွေနဲ့ ဆေးကုသမှုမှာ တစ်နေ့ကို စုစုပေါင်း လူနာ ၁၀၀၀ လောက်တော့ နေ့စဉ် ကုသပေးနေရပါတယ်။ ဒီလူနာတွေကတော့ သာမန်ရောဂါဖြစ်မှုတွေပါပဲ"ဟု လည်း ဒေါက်တာဝင်းမြင့်က ရှင်းပြသည်။

ထို့အပြင် လေဘေးသင့်ခံရသည့် နေရာများသို့ ဆေးရုံသင်္ဘောဖြင့် သွားရောက်ကုသမှုများကိုကြည့်လျှင် မေ ၂၂ရက်မှ ၂၈ရက်အထိ အထူးကုဆရာဝန်များနှင့် အမျိုးသားသူနာပြုတို့ အပါအဝင် စုစုပေါင်း ခုနစ်ဦးစီပါသော အမျိုးသားဆေးကုအဖွဲ့ သုံးဖွဲ့မှ တိုင်းအေး၊ တတိုင်းမွှေးနှင့် ဝေသန္တရာ သင်္ဘောသုံးစင်းဖြင့် ဘိုကလေး၊ လပွတ္တာနှင့် ဖျာပုံမြို့နယ်များသို့ ထပ်မံသွားရောက် ဆေးကုသပေးခဲ့ပြီး မေ ၂၉ ရက်မှ ဇွန် ၇ ရက်အထိ တတိယအသုတ်အဖြစ် အမျိုးသားဆရာဝန်များ၊သွားဆရာဝန်များနှင့် အမျိုးသားသူနာပြုတို့ဖြင့် ပါဝင်ဖွဲ့စည်းထားသည့် ခုနစ်ဦးစီပါဝင်သော အဖွဲ့သုံးဖွဲ့သည် ယင်းသင်္ဘောများနှင့်ပင် ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည်။

ထို့အတူ ဇွန် ၁ ရက်ကလည်း ပပဝင်း သင်္ဘောဖြင့် အမျိုးသားအထူးကု ဆေးအဖွဲ့သည် စိတ်ကျန်းမာရေးဆိုင်ရာ အထူးကုဆရာဝန်တစ်ဦး အပါအဝင် ရှစ်ဦး ပါဝင်ကာ မော်လမြိုင်ကျွန်းမြို့နယ်သို့ ထပ်မံထွက်ခွာပြီး လေဘေးသင့် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ကွင်းဆင်းမေးမြန်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

လေဘေးသင့်ခံရသည့် ဒေသခံပြည်သူများက ဆရာဝန်ကြီးများထံ လာရောက် ဆေးဝါးကုသမှုခံယူစဉ်။

ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်းများ ပေးပို့လှူဒါန်း

ရန်ကုန် ဇွန် ၇

မော်လမြိုင်ကျွန်းမြို့နယ် ကြက်ခြေနီအသင်းက ယနေ့အထိ မော်လမြိုင်ကျွန်းမြို့နယ် မြင်းကကုန်း၊ ဒေါင်းရေကျော်၊ ဂုံညင်းတန်း၊ ညောင်ချောင်း၊အလယ်ချောင်း၊ကွမ်းခြံချောင်း၊ ပုတ်တန်း၊ ရွှေအုပ်၊ ပိဿာ၊ ဘိုးသာအေး၊ မဲဇလီကဇန်းကျောင်း၊ ပိန္နဲကျောင်း ကျေးရွာများရှိ လေဘေးသင့်ပြည်သူများအတွက် အဝတ်အထည်၊ တာပေါ်လင်၊ မီသားစုသုံးပစ္စည်းများ၊ ဆန်၊ ဆီ၊ ငါးသေတ္တာ၊ သကြား၊ ရေသန့်ဆေးပြား၊ ခေါက်ဆွဲခြောက် စသည့်ပစ္စည်းများကို ပေးပို့လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ထိုသို့ ဆေးရုံသင်္ဘောများဖြင့် ကျန်းမာရေးကုသပေးမှုနှင့် ပတ်သက်ပြီး "ဒီဆေးရုံသင်္ဘောတွေပေါ်မှာ လိုက်ပါဆေးကုသပေးတဲ့ ကျန်းမာရေးကုသမှု အဖွဲ့တွေကို ကနဦးရက်တွေမှာ သီတင်းတစ်ပတ်ကြာရင် နောက်တစ်ဖွဲ့ ပြောင်းပေးပါတယ်။ နောက်ပိုင်းမှာ တစ်ဖွဲ့ကို ၁၀ ရက်ကြာမှ ပြောင်းပေးသလို အခုတော့ သီတင်းနှစ်ပတ်ကြာမှ နောက်တစ်ဖွဲ့ပြောင်းပေးပါတယ်။ ဆေးကုသရေးအဖွဲ့တွေအနေနဲ့ ဆိပ်ကမ်းတွေ ကပ်တဲ့အခါ သင်္ဘောပေါ် လာရောက်ကုသမှု ခံယူနိုင်သလို အနီးဝန်းကျင်နေရာတွေကို ကျန်းမာရေးအဖွဲ့တွေက လှေ၊ သမ္ဗန်၊ စက်လှေ စတဲ့ ရေယာဉ်တွေနဲ့ သွားရောက်ပြီး လေဘေးသင့်ခံရတဲ့သူတွေကို ဖိဖိစီးစီး ကုသပေးနေပါတယ်" ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်ကဆက်လက်ရှင်းပြသည်။

ဆေးရုံသင်္ဘော တစ်စင်းပေါ်တွင် ဆေးဝါးကုသခံယူမည့် နေရာ၊

ဆေးရုံသင်္ဘောပေါ်၌ ဆေးဝါးများကို ဤသို့ တွေ့ရသည်။

နိုင်ငံတော်၏ ပံ့ပိုးစီစဉ်ပေးမှုများကို အခြေခံပြီး လေဘေးသင့်ပြည်သူများအနေဖြင့် ကိုယ့်ခွန်ကိုယ့်အားဖြင့် ဆက်လက်ရပ်တည်နေနိုင်ရေးအတွက် ကြိုးစားအလုပ်လုပ်ကြရန်လို

✧ **ရှေ့ဖုံးမှ**

လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ကျန်းမာရေး၊ နေထိုင်စားသောက်ရေး အခြေအနေများ၊ ပံ့ပိုးပစ္စည်းရရှိမှုများကို မေးမြန်းကြည့်ရှုအားပေးသည်။

ယင်းနောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်မှာကြားရာတွင် လေမုန်တိုင်း တိုက်ခတ်ပြီးနောက် နိုင်ငံတော်အစိုးရအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန်ဖြင့် ဦးစားပေး ဆောင်ရွက်ခဲ့ကြောင်း။

အသက်ရှင်ကျန်သူများ အသက်ရှင်သန်ရေးအတွက် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည်များကို မိမိတို့ စီစဉ်ဆောင်ရွက်ခဲ့ကြောင်း။

ယခုအခါ လေမုန်တိုင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့သည်မှာ တစ်လကျော်ခဲ့ပြီ ဖြစ်ကြောင်း၊ လေဘေးသင့်ပြည်သူများအနေဖြင့် မိမိတို့ ရောက်ရှိနေသည့် ကယ်ဆယ်ရေးစခန်းရှိရာ ဒေသများ၌ပင် ဆက်လက်နေလိုလျှင် နေနိုင်အောင် စီစဉ်နေရာချထားပေးသွားမှာဖြစ်ကြောင်း၊ နေစရာရရှိပြီး အဆင်ပြေသည့် အတိုင်းအတာကာလတစ်ခုအထိ နေရေး၊ စားရေးကိစ္စများကို ပံ့ပိုး ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

ကယ်ဆယ်ရေးစခန်းရှိရာ ဒေသများ၌ ရေရှည်မနေလိုဘဲ မိမိဒေသ ရပ်ရွာသို့ ပြန်လိုသူများအတွက်လည်း ယာယီနေထိုင်နိုင်ရေးနှင့် အမြဲတမ်း နေထိုင်နိုင်ရေးတို့အတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း။

မိမိတို့၏ ဒေသရပ်ရွာများ၌ ပြန်လည်နေနိုင်အောင် ယင်းဒေသများ၌ ယာယီတဲများ ဆောက်လုပ်ပေးသွားမှာဖြစ်ကြောင်း၊ ယာယီတဲများ ဆောက်ပြီးမှသာ ကယ်ဆယ်ရေးစခန်းမှ ယင်းဒေသသို့ရောက်အောင် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း။

မိမိရပ်ရွာဒေသ၌ အခိုင်အမာ နေအိမ်ဆောက်လုပ်နိုင်သည့် အနေအထားရှိပါက နိုင်ငံတော်၏အစီအစဉ်ဖြင့် ဆောက်လုပ်ပေးသွားမှာ ဖြစ်ကြောင်း။

ကယ်ဆယ်ရေးစခန်းမှ မိမိရပ်ရွာဒေသသို့ ပြန်လိုလျှင် တစ်ပတ်စာ ရိက္ခာအပြင် ရေရှည်စားရေးအတွက် အနီးစပ်ဆုံး ကယ်ဆယ်ရေးစခန်းများက စီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ လေဘေးသင့် ပြည်သူများ အတွက် အဝတ်အထည်၊ ချက်ပြုတ်စားရန် အိုးခွက်နှင့် ခြင်ထောင်၊ စောင် စသည့် လိုအပ်ချက်များ ပြည့်စုံအောင် ကယ်ဆယ်ရေးစခန်းများ၌ တာဝန်ရှိသူများက ပံ့ပိုးပေးထားပြီးလည်းဖြစ်ကြောင်း၊ ဒေသအသီးသီးသို့ ပြန်ရောက်သည့်အခါ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးသူများအတွက် လယ်ထွန်စက်များဖြင့် ထွန်ယက်နိုင်ရေးနှင့် မျိုးရရှိရေးတို့ကို စီစဉ်ပေးသွားမှာဖြစ်ကြောင်း၊ ရေလုပ်ငန်းဖြင့် အသက်မွေးသူများအတွက်လည်း လှေ၊ ငါးဖမ်းပိုက် စသည်တို့ စီစဉ်ပေးသွားမှာဖြစ်ကြောင်း၊ အခြားအသက်မွေးမှု လုပ်ငန်း ဆောင်ရွက်လိုသူများအတွက်လည်း လိုအပ်သည်များကို စီစဉ်ပေးသွားမှာဖြစ်ကြောင်း၊ လေဘေးသင့်ပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း ယခင်ကထက် တိုးတက်မြင့်မားလာရေးကို နိုင်ငံတော်အပိုင်းက စေတနာအရင်းခံဖြင့် ဖြည့်ဆည်းပံ့ပိုးပေးသွားမှာဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းက မိမိတို့၏ ပြည်သူများ သွားရေး၊ လာရေး၊ နေရေး၊ ထိုင်ရေး၊ အခြေခံလိုအပ်ချက်များမှအစ ပြည့်စုံအဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသော်လည်း နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို အကောင်းမမြင်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတို့အနေဖြင့် မဟုတ်မမှန်သတင်းများကို လုပ်ကြံဖန်တီး ထုတ်လွှင့်လျက်ရှိနေကြောင်း၊ နိုင်ငံတော်၏ ပံ့ပိုးစီစဉ်ပေးမှုများကို အခြေခံပြီး လေဘေးသင့်ပြည်သူများအနေဖြင့် ကိုယ့်ခွန်ကိုယ့်အားဖြင့် ဆက်လက်ရပ်တည်နေနိုင်ရေးအတွက် ကြိုးစားအလုပ်လုပ်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြောင်းမြမြို့ စိုက်ပျိုးရေးသိပ္ပံသို့ သွားရောက်ကြပြီး မိဘမဲ့ကလေးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်မှ ပြုစုပျိုးထောင်ပေးရမည့် ကလေးများအား ယခင်ဘဝဟောင်းကို မေ့ပျောက်ပြီး ပျော်ရွှင်သောဘဝအခြေခံရရှိလာအောင် ပြုစုစောင့်ရှောက်ရန် လိုအပ်ပုံများကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြောင်းမြမြို့မှ လပွတ္တာမြို့နယ် စလူဆိပ်ကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။ ၎င်းနောက် နယ်မြေခံဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့်အတူ ကျေးရွာသူ၊ ကျေးရွာသားများအားတွေ့ဆုံ၍ လေဘေး၊ ရေဘေး ကြုံတွေ့ခဲ့ရမှုများ၊ ကယ်ဆယ်ရေးစခန်းမှ ပံ့ပိုးပစ္စည်းရရှိမှုများ၊ ကျန်းမာရေးအခြေအနေများ၊ နေရေးစားရေးအခြေအနေများကို မေးမြန်းကာ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လေမုန်တိုင်းဒဏ် ခံခဲ့ရသည့် စလူဆိပ်ကျေးရွာအနေအထားကိုလည်းကောင်း၊ ရေငန်ဝင်ရောက်ခဲ့သည့် သောက်ရေကန်များ ပြန်လည်ပြုပြင်ထားမှုများကို လည်းကောင်း ကြည့်ရှုကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စလူဆိပ်ကျေးရွာ၌ ယာယီတဲများ ပြန်လည်တည်ဆောက်ထားမှုများကိုကြည့်ရှုပြီး ကျေးရွာသူ၊ ကျေးရွာသားများအား တွေ့ဆုံ၍ အားပေးစကားပြောကြားရာတွင် ပျက်စီးမှုများနှင့် စပ်လျဉ်း၍ ကယ်ဆယ်ရေးလုပ်ငန်းများအပါအဝင် ပြန်လည်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို မိမိတို့ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ဤဒေသများ၌ ဆက်သွယ်မှု လွယ်ကူရန်၊ ကားလမ်းများကို ဖောက်လုပ်ပေးသွားမှာဖြစ်ကြောင်း၊ ကားလမ်းများဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်သကဲ့သို့ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါကလည်း ကာကွယ်ပေးနိုင်အောင် စီမံဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် လေဘေးသင့်ပြည်သူများ၏ဘဝကို ယခုအနေအထားထက် ပိုမိုအဆင့်မြင့်မား တိုးတက်လာအောင် စီမံဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စလူဆိပ်ကျေးရွာ ဆက်သွယ်ရေးအတွက် အဆင်ပြေစွာ အသုံးပြုနိုင်ရန် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ CDMA စနစ် 450 တယ်လီဖုန်းတစ်လုံးကို ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးသို့ ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် စလူဆိပ်နှင့် မိကျောင်းအိုင်ကျေးရွာတို့၌ ကျေးရွာသူ၊ ကျေးရွာသားများ လွယ်ကူစွာ စားသောက်ပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဈေးဆိုင်ဖွင့်လှစ်ရောင်းချနိုင်ရန် မတည်ငွေများကို ကျေးရွာအသင်းမှ တာဝန်ရှိသူများအား ပေးအပ်သည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် စလူဆိပ်ကျေးရွာမှ ပြန်လည်ထွက်ခွာခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် လပွတ္တာမြို့နယ် ဆင်ခြေရာကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာသူ၊ ကျေးရွာသားများ၊ ဆင်ခြေရာကျေးရွာ ပြည်သူများ၏ ကျန်းမာရေးကို လာရောက်ကုသပေးလျက်ရှိသည့် ဆရာဝန်များနှင့် သူနာပြုများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ဆင်ခြေရာကျေးရွာအပါအဝင် လေဘေးသင့်ဒေသများ ပြန်လည်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ ကျေးရွာတွင် ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ လွယ်ကူစွာ အသုံးပြုနိုင်ရေးအတွက် CDMA စနစ်သုံး 450 တယ်လီဖုန်းတစ်လုံးကို ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူသို့ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် သုံးမိုင်ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ရှေးဦးစွာ ကယ်ဆယ်ရေးစခန်းကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကွပ်ကဲရေးရုံး၌ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက လပွတ္တာမြို့သစ် တိုးချဲ့တည်ဆောက်ရေးအတွက် လပွတ္တာမြို့မှ သုံးမိုင်၊ ငါးမိုင်၊ ခုနစ်မိုင် ကွာဝေးသည့် နေရာများသို့ ကွင်းဆင်းကြည့်ရှုခဲ့မှုနှင့် ယင်းနေရာဒေသများ၏ အနေအထားများ၊ မြို့ကွက်ဖော်ထုတ်နိုင်သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လပွတ္တာမြို့ တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းများကို အနီးကပ် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွက်က မြို့ကွက်သစ်ဖော်ထုတ်ရန် ရွေးချယ်ထားသည့် မြေနေရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက ရုံးဌာနအဆောက်အအုံများ ဆောက်လုပ်နိုင်မည့်နေရာများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က မြို့ကွက်သစ်ဖော်ထုတ်ရန် လျာထားသည့်နေရာများနှင့် မြေကွက်ဖော်ထုတ်နိုင်မည့် အခြေအနေများကို ထပ်မံမေးမြန်းပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောင်းသား၊ ကျောင်းသူများ စာသင်နိုင်ရေးအတွက် ယာယီစာသင်ဆောင်နမူနာကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဒေသရှိ ပစ္စည်းများဖြင့် တည်ဆောက်ထားသည့် ယာယီစာသင်ဆောင်နမူနာနှင့် ရွက်ဖျင်တဲကို အသုံးပြုတည်ဆောက်ထားသည့် ယာယီစာသင်ဆောင်နမူနာတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိသည့် ဆရာဝန်၊ ဆရာမများအား နှုတ်ဆက်ကြသည်။

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဂျပန်နိုင်ငံမှ Dr. Kanai Kaname ခေါင်းဆောင်သည့် ဆေးအကာအကွယ်ပေးရေး အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြပြီး ဆေးကုသပေးနေမှုများကို ကြည့်ရှုကြသည်။

ယင်းနောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် သုံးမိုင်ကယ်ဆယ်ရေးစခန်းမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၂နာရီ၁၀မိနစ်တွင် ပုသိမ်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ရောဝတီတိုင်း လေဘေးသင့်ပြည်သူများအား

ကွင်းဆင်းကုသမှုလုပ်ငန်းများ သမားတော် အထူးကုဆရာဝန်ကြီးများဆောင်ရွက်

ရန်ကုန် ဇွန် ၇

ကျန်းမာရေးဝန်ကြီးဌာန မြောက်ဥက္ကလာပဆေးရုံကြီးမှ သမားတော် အထူးကုဆရာဝန်ကြီး ဒေါက်တာ ကျော်စွာလင်း ခေါင်းဆောင်၍ အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော အဖွဲ့သည် လေဘေးသင့်ခံရသည့် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်တွင် 'တိုင်းအေး'ဆေးရုံသင်္ဘောဖြင့် ကျေးရွာများအရောက် ကွင်းဆင်းကုသမှုလုပ်ငန်းများကို သွားရောက်ဆောင်ရွက်လျက်ရှိရာ ဇွန် ၅ရက်တွင် ရွာသစ်ကျေးရွာနှင့် ကျည်းချောင်းကျေးရွာသို့ ကွင်းဆင်း၍ အထွေထွေရောဂါသည် ၁၇၅ ဦး၊ သွားနှင့် ခံတွင်းရောဂါသည် ၂၂ ဦးတို့ကို ကုသပေးခဲ့ကြပြီး ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဆရာဝန်များနှင့် သားဖွား ဆရာမများက ကိုယ်ဝန်ဆောင် ၂၁ဦးအား ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်း၊ ကလေးငယ် ၄၀ တို့အား ကာကွယ်ဆေးထိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။



အလားတူ ဘိုကလေးမြို့သို့ရောက်ရှိနေသော တောင်ငူပြည်သူ့ဆေးရုံကြီးမှ သမားတော်ကြီး ဒေါက်တာသိန်းညွှန့် ခေါင်းဆောင်သော ခွဲစိတ်အထူးကု၊ အရိုးအထူးကု၊ ကလေးအထူးကု စသည့်အထူးကုအဖွဲ့သည် ဘိုကလေးပြည်သူ့ဆေးရုံတွင် အခြေပြုလျက် ပြင်ပလူနာ ၂၀၀ ကျော်နှင့် အတွင်းလူနာများကို ကြီးကြပ်ကုသပေးပြီး လိုအပ်သော လူနာများကို ခွဲစိတ်ကုသပေးမှုများ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကာ ရပ်ကွက်များ၌ ဆေးခန်းများ ဖွင့်လှစ်ကုသပေးခြင်း၊ ကလေးငယ်များအား ကာကွယ်ဆေးထိုးပေးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ဒေါက်တာခင်မောင်လင်း ခေါင်းဆောင်သော ပြည်သူ့ကျန်းမာရေး ဆရာဝန်များနှင့် မကွေးပြည်သူ့ကျန်းမာရေးတက္ကသိုလ်မှ လက်ထောက်ကျန်းမာရေးမှူး သင်တန်းသားများကလည်း ဝမ်းရောဂါကာကွယ်ရေးအတွက် သောက်သုံးရေများကို ကလိုရင်းဆေး ခတ်ပေးခြင်း၊ လူမှုရေးအသင်းအဖွဲ့များအား ပညာပေးခြင်း၊ သွေးလွန်တုပ်ကွေး ကာကွယ်ရေးအတွက် ဆေးမှုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းအေး ဆေးရုံသင်္ဘောဖြင့် မြောက်ဥက္ကလာပဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သောအဖွဲ့ ဘိုကလေးမြို့နယ်၌ ကလေးငယ်များအား ကာကွယ်ဆေးတိုက်ကျွေးနေစဉ်။
(ကျန်းမာရေး)

ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်း တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၇

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် ဇွန် ၂ ရက်တွင် ကလေးခရိုင်အတွင်းရှိ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရုပ်ပုံကားချပ်များ၊ ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ရှုရပ်နေရာမှ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** (သတင်းစဉ်)

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်နယ်နှင့် တိုင်း အသီးသီးရှိ စေတနာရှင်၊ အလှူရှင်များက ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် ဇွန် ၇

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင် ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အမျိုးသားရေးစိတ်ဓာတ် အရင်းခံဖြင့် ထောက်ပံ့ငွေနှင့်ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ စေတနာရှင် ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အလှူငွေကျပ် ၄၄၈၀၀နှင့် ငွေကျပ်၃၃၇၈၆၃၇၀ တန်ဖိုးရှိ အဝတ်အထည်မျိုးစုံနှင့် စားသောက်ကုန် ပစ္စည်းမျိုးစုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၄၁၄၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၂၄၅၀၀၀ တန်ဖိုးရှိ အဝတ်အထည်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံတို့ကို ပေးအပ်လှူဒါန်းခဲ့ကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီသို့ လာရောက်လှူဒါန်း ငွေကျပ် သိန်း ၅၅၀ အပါအဝင် စေတနာရှင်ပြည်သူများ၏ ယနေ့လှူဒါန်းသည့်ငွေနှင့်ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၉၀၆၁၇၅၇၀ ဖြစ်ပြီး ဇွန် ၇ ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာငွေကျပ်၁၁၅၃၀၆၈၂၈၃၀ ရှိပြီ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လပွတ္တာမြို့နယ်အတွင်းရှိ လေဘေးသင့် ဒေသများအတွက် ထောက်ပံ့ရေးပစ္စည်းများ ချက်ချင်းဖြန့်ဝေပေးခဲ့

ရန်ကုန် ဇွန် ၇

ဧရာဝတီတိုင်း လပွတ္တာမြို့နယ်ရှိ ပိုးလောင်းစခန်း၊ စလူဆိပ်၊ ဘီတွတ်၊ ကြာကန်၊ ကန်ဘက်၊ သိပ္ပံကုန်းကြီး၊ ပြင်စလူ၊ ဆင်ခြေရာ၊ ကွင်းပေါက်၊ သုံးမိုင်စခန်း၊ ငါးမိုင်စခန်းတို့အတွက် အလှူရှင်များက ပေးပို့သော အစားအသောက်များ၊ အသုံးအဆောင် ပစ္စည်းများ စသည့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း ၁၉ မျိုးသည် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ယနေ့ ရောက်ရှိလာပြီး အဆိုပါဒေသရှိ လေဘေးသင့်ပြည်သူများ လက်ဝယ် အရောက် ချက်ချင်းပေးပို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရောဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအား ပုသိမ်အသင်း(ရန်ကုန်)က အလှူငွေနှင့် ပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၇

ပုသိမ်အသင်း(ရန်ကုန်)က မေ ၂၅ နှင့်၂၆ ရက်တို့တွင် ဧရာဝတီတိုင်း အတွင်းရှိ ငပုတောမြို့နယ်၊ လပွတ္တာမြို့နယ်နှင့် ရန်ကုန်တိုင်း အတွင်းရှိ သန်လျင်၊ ကျောက်တန်း၊ တောင်ဒဂုံ၊ မြောက်ဒဂုံနှင့် လှိုင်သာယာမြို့နယ်များရှိ လေဘေးသင့် ပြည်သူများအား ဆန်အိတ်၂၅၀၊ အဝတ်အထည် ၅၀၀၀၊ စောင်အထည် ၁၀၀၀၊ ခေါက်ဆွဲခြောက်သေတ္တာ၂၄၀၀၊ သောက်ရေသန့်ဘူး၅၀၀၀၊ တိုင်းရင်းဆေးဝါးမျိုးစုံများ၊စတီးဇလုံ၁၀၀၀၊ တာပေါ်လင် အစ အထုပ် ၁၀၀၊ ဆပ်ပြာသေတ္တာ ၅၀ တို့၏ စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း၂၀၀ နှင့် အလှူငွေကျပ် သိန်း ၁၂၀ အပါအဝင် စုစုပေါင်း လှူဒါန်းငွေကျပ် သိန်း ၃၂၀ တို့အား ပြည်သူတို့၏ လက်ဝယ်အရောက် သွားရောက် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ်ရှိ လေဘေးသင့်လယ်သမားများအား လယ်ယာသုံးပစ္စည်းများဖြန့်ဝေ

ရန်ကုန် ဇွန် ၇

လေဘေးသင့် တောင်သူလယ်သမားများအတွက် နိုင်ငံတော်က လယ်ယာသုံးပစ္စည်းများကို ဖြန့်ဝေပေးလျက်ရှိရာ ဇွန်၆ရက်အထိ မော်လမြိုင်ကျွန်းမြို့နယ်သို့ ကျွဲကောင်ရေ ၆၀ နှင့် လယ်ယာသုံး ထွန်စက် ၁၉၈ စီး ရောက်ရှိပြီး ဖြစ်သည်။

လယ်ယာသုံး ထွန်စက်များကို အမြန်ဆုံးတပ်ဆင်ပြီး တောင်သူလယ်သမားများထံ ချက်ချင်း ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်လွင် ဦးဆောင်သောအသင်းဝင်များ၊ မြို့နယ်ကျန်းမာရေးအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းနှင့် အဖွဲ့ဝင်များ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ သွေးလွန်တုပ်ကွေး ကာကွယ်ရေးစီမံချက်အရ ခြင်ဆေးများ ပက်ဖျန်းနေစဉ်။

(၅၄၆)

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် ထိုင်းနိုင်ငံ အခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၇

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများ အတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံ အခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) မှ လှူဒါန်းသော နို့မှုန့်များ၊ မိုးကာတဲများ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများ၊တာပေါ်လင်များ၊ စွမ်းအားပြည့်ဘီစကစ်များ စုစုပေါင်း ၇၅ ဒသမ ၂၂၆တန်သည် IL-76 လေယာဉ် နှစ်စင်းနှင့် AN-12 လေယာဉ် တစ်စင်းတို့ဖြင့် ယနေ့နံနက် ၇နာရီ ၄၅မိနစ်၊ နံနက်၁၀နာရီ ၃၅မိနစ်နှင့် ညနေ ၃နာရီ ၁၇ မိနစ်တို့တွင် လည်းကောင်း၊စင်ကာပူသမ္မတနိုင်ငံရှိ မြန်မာသံရုံးမှတစ်ဆင့် လှူဒါန်းသောဆေးဝါးမျိုးစုံ ၄၅ပုံးသည် Jet Star လေယာဉ်ဖြင့် နံနက် ၉နာရီ တွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ လှူဒါန်းသော ဖယောင်းတိုင်များ၊ ဇွန်းများ၊ ဟင်းချက်အိုးများ၊ စောင်များ၊ ခြင်ထောင်များ၊ ဆပ်ပြာများ၊ ဖိုင်ဘာခွက်များ၊ ပလတ်စတစ်ရေပုံးများ၊ ဖိုင်ဘာရေအိတ်များ၊ ရေသန့်စက်နှစ်လုံး၊ လီတာ(၁၀၀၀၀)ဆံ့ရေတိုင်ကီနှစ်လုံး၊ ဆပ်ပြာများ စုစုပေါင်း ၂၈ ဒသမ ၀၂တန်သည် C-130 လေယာဉ် လေးစင်းဖြင့် နံနက် ၉နာရီ ၈မိနစ်၊ နံနက် ၁၀ နာရီ ၁၁ မိနစ်၊ နံနက် ၁၀ နာရီ ၅၅မိနစ်နှင့် ညနေ၄နာရီ ၂ မိနစ်တို့တွင်လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် နယ်စည်းမခြားဆရာဝန်များအဖွဲ့မှ လှူဒါန်းသောနိုင်လွန်ကြိုးများ၊ ပလတ်စတစ်ရေပုံးများ၊ ဆေးစိမ်ခြင်ထောင်များ စုစုပေါင်းခြောက်တန်သည် AN-12 လေယာဉ်ဖြင့် နံနက် ၁၀နာရီ ၃၈ မိနစ်တွင် လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြသည်။

လေဆိပ်သို့ရောက်ရှိ

အလားတူ အင်ဒိုနီးရှားသမ္မတနိုင်ငံအခြေစိုက် နယ်စည်းမခြားဆရာဝန်များအဖွဲ့မှ လှူဒါန်းသော တာပေါ်လင် ၃၈ ဒသမ ၆၇တန်သည် IL-76လေယာဉ်ဖြင့်ဇွန်၆ရက် ည ၈နာရီ ၅၆မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာသည်။

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များလှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များဖြင့် အဆက်မပြတ်ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသောပစ္စည်းများကို လေဆိပ်တွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့က စနစ်တကျလက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးသင့်သာသနိက အဆောက်အအုံများ ပြုပြင်ရန် သွပ်နှင့် ငွေများ လှူဒါန်း

ရန်ကုန် ဇွန် ၇

ဘုရင့်နောင် ရှမ်းလေးပွဲရုံမှ ဦးတင့်လွင်နှင့်ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ကြူကြူသင်း မိသားစုက ငွေကျပ် ၄၉၈၈၀၀၀တန်ဖိုးရှိ သက်န်းဒွိစုံ အစုံ ၂၀၀နှင့် သွပ်အချပ် ၁၀၀ တို့ကို ဇွန် ၆ ရက် နံနက် ၉ နာရီတွင်လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံမှ ဘုန်းတော်ကြီး Mok Tak-Hye Eun ဦးဆောင်သော အလှူရှင်များက သာသနိက အဆောက်အအုံများ ပြုပြင်ရန်အတွက် အလှူငွေများကို မွန်းလွဲ ၁ နာရီတွင်လည်းကောင်း သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ (ရန်ကုန်ရုံးခွဲ)သို့ လာရောက်ပေးအပ်လှူဒါန်းကြရာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးထံ ဆေးနှင့် ဆေးပစ္စည်း အမေရိကန်ဒေါ်လာ သုံးသိန်းဖိုးကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E . Noel C. Cabrera က ပေးအပ်လှူဒါန်းစဉ်။ (ကျန်းမာရေး)

ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၇

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများ၌ ဆေးအကာအကွယ် ဆောင်ရွက်မှုလုပ်ငန်းများကို လာရောက် ကူညီဆောင်ရွက်နေကြသော ဖိလစ်ပိုင်သမ္မတနိုင်ငံ ဆေးကုသရေးအဖွဲ့မှ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းပွဲကို ဇွန် ၆ ရက် နံနက် ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ် ပြင်ပလူနာဌာနရှိ ကျန်းမာရေးဝန်ကြီးဌာန၏ ယာယီကွပ်ကဲမှုရုံးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ဖိလစ်ပိုင်သမ္မတနိုင်ငံ ဆေးအကာအကွယ်ပေးရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် Dr.Arnel Rivera က ကွင်းဆင်းကုသမှု လုပ်ငန်းအတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် ကွင်းဆင်းလုပ်ငန်း ဆောင်ရွက်မှု မှတ်တမ်းပုံကို ပေးအပ်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Noel C.Cabrera က အမေရိကန် ဒေါ်လာ ၃၀၀၀၀၀ တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရှိသည်။ (သတင်းစဉ်)

ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်း

ဆေးအကာအကွယ်ပေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၇

ကျန်းမာရေးဝန်ကြီးဌာနမှ လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၅ ရက်နေ့တွင် ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် အတွင်း ဆေး အကာအကွယ်ပေး ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အောက်မြန်မာပြည် ကူးစက်ဆရာဝန်ကြီး ဒေါက်တာမြသန်းနွယ်နှင့် အဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန ပတ်ဝန်းကျင်သန့်ရှင်းရေး ဌာနစိတ်မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးငွေးဝင်း၊ ဒေသဆိုင်ရာ ပိုလီယိုအရာရှိ ဒေါက်တာခင်စန်းဦး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဥမ္မာအေးတို့နှင့်အတူ ဆိပ်ကြီးခနောင်တို ဘောလုံးကွင်း ကယ်ဆယ်ရေးစခန်း၌ စခန်းတာဝန်ခံ ဒေါက်တာနန်းမွန်ဆိုင်နှင့်အဖွဲ့က ဆေးအကာအကွယ်ပေး ဆောင်ရွက်နေမှုများကို သွားရောက်ကြီးကြပ်ကူညီ အားပေးကြရာ သောက်သုံးရေများတွင် ကလိုရင်း ပါဝင်မှုကို တိုင်းတာစစ်ဆေးပြီး အခြေခံ ကျန်းမာရေးဝန်ထမ်းများအား ကလိုရင်းဆေးခတ်၍ အသုံးပြုနည်းများကို လက်တွေ့သရုပ်ပြ သင်ကြားပေးနေမှုနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားရေး၊ သောက်သုံးရေများကို ကလိုရင်းဆေးခတ်ပေးနေမှုများအား ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။

ကြည့်ရှု

ယင်းနောက် ကူးစက်ဆရာဝန်ကြီးနှင့်အဖွဲ့သည် ဆိပ်ကြီးခနောင်တိုပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသော လေဘေးသင့်ပြည်သူများအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အောက်မြန်မာပြည် ကူးစက်ဆရာဝန်ကြီးနှင့် အဖွဲ့ဝင်များ ဆိပ်ကြီးခနောင်တို မြို့နယ်၌ ရောဂါကာကွယ်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ကျန်းမာရေး)

ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များ စတင်

တင်ဝင်း(ကြေးမုံ)

ဆွစ်ဇာလန်နှင့် ဩစတြီးယားနိုင်ငံတို့၌ကျင်းပသည့် ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇွန် ၇ ရက်က စတင်လိုက်ပါပြီ။ ဒီဥရောပဖလားဟာ ကမ္ဘာ့ဖလားပြီးရင် ဒုတိယ အကြီးမားဆုံး ပြိုင်ပွဲပဲ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ စုစုပေါင်း ဆုကြေးငွေ ယူရို ၁၈၄သန်းအထိ ချီးမြှင့်သွားမယ်လို့ ယူအီးအက်ဖ်အေက ကြေညာထားပါတယ်။ ပြိုင်ပွဲဝင် အသင်းတိုင်းကို ယူရို ၇ ဒသမ ၅ သန်းစီ၊ အုပ်စုအဆင့်နိုင်ပွဲ တစ်ပွဲအတွက် ယူရိုတစ်သန်း၊ သရေပွဲအတွက် ယူရိုငါးသိန်း၊ ကွာတားဖိုင်နယ် တက်ပါက ယူရိုနှစ်သန်း၊ ဆီမီးတက်ပါက ယူရိုသုံးသန်း၊ ဒုတိယဆု ယူရို ၄ ဒသမ ၅သန်းနဲ့ ချန်ပီယံအသင်းကို တော့ ယူရို ၇ ဒသမ ၅သန်း ချီးမြှင့်မှာဖြစ်ပြီး ပွဲတိုင်းအနိုင်ရပြီး ချန်ပီယံဖြစ်မယ်ဆိုရင်တော့ အဲဒီအသင်းဟာ စုစုပေါင်း ဆုကြေးငွေ ယူရို ၂၃ သန်း ရရှိမှာ ဖြစ်ပါတယ်။

ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲ အုပ်စု ခွဲခြားမှုများမှာ-

အုပ်စု(က)တွင်အိမ်ရှင် ဆွစ်ဇာလန်၊ ချက်၊ ပေါ်တူဂီနဲ့ တူရကီ၊ အုပ်စု(ခ)တွင် အိမ်ရှင်ဩစတြီးယား၊ ဂျာမနီ၊ ခရိုအေးရှားနဲ့ ပိုလန်၊ အုပ်စု(ဂ)တွင် အီတလီ၊ ပြင်သစ်၊ နယ်သာလန်နဲ့ ရိုမေးနီးယား၊အုပ်စု(ဃ)တွင် လက်ရှိချန်ပီယံ ဂရိ၊ စပိန်၊ ဆွီဒင်နဲ့ ရုရှားတို့ ပါဝင်ပါတယ်။

အုပ်စု(က)။ ။ဒီအုပ်စုမှာ ဆွစ်ဇာလန်ဟာ အိမ်ရှင်ဖြစ်တာကြောင့် အုပ်စုကနေ ကျော်ဖြတ်နိုင်ပါလိမ့်မယ်။ တူရကီကတော့ ဒီအုပ်စုအတွက် အဖြည့်ခံ သက်သက်သာဖြစ်ဖွယ်ရှိပြီး ချက်နဲ့ ပေါ်တူဂီတို့ကတော့ အုပ်စုတက်ရေးအစွမ်းကုန်ရုန်းကန်ကြရမှာပါ။

အုပ်စု(ခ)။ ။ ဒီအုပ်စုမှာအိမ်ရှင်ဩစတြီးယားဟာ ခြေစွမ်းပိုင်းမှာ အနိမ့်ဆုံးဆိုပေမယ့် အိမ်ရှင်ဆိုတဲ့ အခွင့်အရေးနဲ့ ပရိသတ်အားရှိတာကြောင့် ခရိုအေးရှားနဲ့ ပိုလန်တို့ကို ကျော်ဖြတ်ပြီး အုပ်စုဒုတိယနဲ့တက်လာနိုင်ချေရှိပါတယ်။ ချန်ပီယံဖြစ်ရန်ရေပန်းအစားဆုံး ဂျာမနီကတော့ အုပ်စုဗိုလ်ဆိုတာ မလွဲမသွေပါပဲ။

အုပ်စု(ဂ)။ ။ မရဏအုပ်စုလို့ခေါ်တဲ့ ဒီအုပ်စုမှာ ဘောလုံးအဆင့်အတန်းမြင့်မားတဲ့ ထိပ်တန်းအသင်းကြီးတွေပဲ ပါဝင်နေပါတယ်။ ရိုမေးနီးယားကလည်း ခြေစစ်ပွဲမှာတုန်းက နယ်သာလန်ကိုကျော်ပြီး အုပ်စုပထမနဲ့ တက်လာတာကြောင့် ဘယ်လိုအသင်းမျိုးကိုမဆို ယှဉ်ပြိုင်နိုင်တဲ့ ခြေစွမ်းမျိုး ရှိနေပါတယ်။ ဒါပေမယ့် အစဉ်အလာနဲ့ သမ္ဘာသာတဲ့ အီတလီနဲ့ ပြင်သစ်တို့ပဲ အုပ်စုက တက်နိုင်ဖွယ်ရှိပါတယ်။

အုပ်စု(ဃ)။ ။ဒီအုပ်စုမှာ နာမည်ကြီး စပိန်ပဲ အုပ်စုပထမနဲ့တက်လာမှာ ဖြစ်ပြီးလက်ရှိ ချန်ပီယံ ဂရိ၊ ဆွီဒင်နဲ့ ရုရှားတို့ကတော့ အုပ်စုဒုတိယနေရာအတွက် အကြိတ်အနယ် ယှဉ်ပြိုင်လုရတော့မှာပါ။

တစ်ကမ္ဘာလုံးရှိဘောလုံးပရိသတ်များ စိတ်ဝင်တစား စောင့်မျှော်ခဲ့ရတဲ့ ဒီပြိုင်ပွဲကြီးဟာ ယူရို ၂၀၀၄ တုန်းကလိုပဲ ပဥ္စလက်ဆန်တဲ့ရလဒ်တွေ ထွက်ပေါ်လာနိုင်တာကြောင့် အင်္ဂလန် မပါပေမယ့် ရင်ခုန်သံကို မြန်စေဦးမှာပါ။

ပြည်နယ်နှင့်တိုင်း လက်ဝှေ့ယှဉ်ပြိုင်

နေပြည်တော်ပျဉ်းမနား ဇွန် ၇

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်နှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသော ၃၉ ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း (အမျိုးသမီး၊ အမျိုးသား) လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲကို နေပြည်တော်ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားကွင်း၊ မိုးလုံလေလုံခန်းမ၌ ယမန်နေ့က ဆက်လက်ကျင်းပရာ အမျိုးသမီး (၅၁)ကီလိုတန်း၌ သက်သက်ခိုင်(ကရင်ပြည်နယ်)နှင့် သီတာဝင်း(ဧရာဝတီတိုင်း) တို့ အနိုင်ရရှိကြပြီး သက်ငယ်(၃၆)ကီလိုတန်း၌ အောင်သူရဝင်း(ပဲခူးတိုင်း)၊ ရဲဝင်းနိုင် (ရန်ကုန်တိုင်း)၊ သက်ငယ် (၅၄) ကီလိုတန်း၌ ဝီလျံထူးကေ (ကရင်ပြည်နယ်) နှင့် ဇော်ထူးဇွန် (မန္တလေးတိုင်း)တို့ အနိုင်ရရှိကြသည်။

လိုက်ဖလိုင်းဝိတ်(ဂ)အဆင့်တွင် ကိုကိုဦး(ရှမ်း/အရှေ့)၊ အောင်မင်းထွန်း(ရှမ်း/တောင်)၊ နိုင်လင်းအောင် (ချင်းပြည်နယ်)၊ သက်လှိုင်းဟိန်း (ပဲခူးတိုင်း)တို့ အနိုင်ရရှိကြပြီး၊ ဖယ်သာဝိတ်(ဂ)အဆင့်၌ စိုးမင်းကျော်(ချင်းပြည်နယ်)၊ သက်ကိုဦး (မကွေးတိုင်း)၊ ဇာနည်ကို(တနင်္သာရီတိုင်း)၊ ကိုမျိုး(ရန်ကုန်တိုင်း)တို့ အနိုင်ရရှိ သွားကြသည်။ လိုက်ဝယ်တာဝိတ်(ဂ) အဆင့်၌ ရာဇာအောင်(ကရင်ပြည်နယ်)၊ ငြိမ်းချမ်း (ရှမ်း/တောင်) နှင့် ဝယ်တာဝိတ်(ဂ)အဆင့်၌ ဇင်ဝေဖြိုး(ရှမ်း/မြောက်)၊ အောင်ကျော်ဇော (စစ်ကိုင်းတိုင်း)တို့ အနိုင်ရရှိသွားကြသည်။

လိုက်ဝိတ်(ခ)အဆင့်၌ ချစ်ထူး (ရှမ်း/တောင်)၊ မြတ်ထွန်း(ရှမ်း/မြောက်)၊ ထွန်းလင်းအောင် (မန္တလေးတိုင်း)၊ ဝင်းကိုဦး (ပဲခူးတိုင်း)တို့ အသီးသီး အနိုင်ရရှိ သွားကြသည်။

ပြိုင်ပွဲများကို နေ့စဉ်ညနေ ၅ နာရီမှစ၍ ဇွန် ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၇)

ညီလာခံတက်ရောက်ရန်နှင့် ဆုယူရန်ထွက်ခွာ

ရန်ကုန် ဇွန် ၇

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ဇွန် ၅ ရက်မှ ၇ ရက်အထိ ကျင်းပမည့် Global Summit of Women 2008 သို့ တက်ရောက်ရန်နှင့် Vietnam Chamber of Commerce and Industry (VCCI) မှ ချီးမြှင့်သည့် "ASEAN Outstanding Women Entrepreneur "Award ဆုရရှိသည့် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မြင့်မြင့်(လူမှုထူးချွန်ပထမအဆင့်)၊ ဥက္ကဌ (မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း)နှင့်အတူ အသင်းတည်ထောင်သူ၊ အကြံပေး အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့် ဦးဆောင်ပြီး အဖွဲ့ဝင် ၁၁ဦးတို့သည် ဇွန် ၄ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဗီယက်နမ်နိုင်ငံ ဟန္ဓိုင်းမြို့သို့ ထွက်ခွာရာ အသင်းမှအကြံပေးအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် မိတ်ဆွေများက ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(အောက်ပုံ) (မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း)

ကလင်တန်သည် အိုဘားမား၏ ဒုတိယသမ္မတလုပ်ရန်မကြိုးပမ်း

ဝါရှင်တန် ဇွန် ၇

ဟီလာရီကလင်တန်သည် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းဘာရက်အိုဘားမား၏ ဒုတိယသမ္မတအဖြစ် ဆောင်ရွက်ရန် ကြိုးပမ်းခြင်းမရှိကြောင်း၊ ၎င်းအား ဒုတိယသမ္မတအဖြစ်ရွေးချယ်ခြင်းသည် အိုဘားမား၏ ရွေးချယ်ခြင်းသာဖြစ်ကြောင်း ကလင်တန်၏ ရွေးချယ်ပွဲ လှုပ်ရှားမှုအဖွဲ့ကကြာသပတေးနေ့က ကြေညာချက် ထုတ်ပြန်သည်။

စနေနေ့တွင် ကလင်တန်က အိုဘားမားအား ချီးကျူးဂုဏ်ပြုကြောင်း၊ သမ္မတအဖြစ် ထောက်ခံကြောင်း ပြောကြားမည်ဖြစ်သည်။ ထို့အပြင် ရွေးကောက်ပွဲကာလအတွင်းက တစ်ဦးနှင့်တစ်ဦး အပြင်းအထန်တိုက်ခိုက်ခဲ့ကြသော်လည်း ၎င်းနှင့်အိုဘားမား သဘောထားမတိုက်ဆိုင်မှုသည် ရီပတ်ဘလီကန် အထက်လွှတ်တော်အမတ် မက်ကိန်းနှင့် သဘောထားကွဲမှုဖြင့် နှိုင်းယှဉ်လျှင် အသေးအဖွဲသာဖြစ်ကြောင်း ကလင်တန်က၏သူ့ကိုထောက်ခံသူများအားပေးသော အီးမေးလ်တွင် ရေးသားထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ အလယ်ပိုင်း ဟူဘေးပြည်နယ် ဖန်ဖန်မြို့ အထည်ချုပ်စက်ရုံမှ လုပ်သားများ ငလျင်ဘေးဒုက္ခသည်များအတွက်ရွက်ဖျင်တဲများထောက်ပံ့နိုင်ရန် ချုပ်လုပ်နေကြသည်ကို ဇွန် ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘုရှ်သည် အီရတ်ကို စစ်ဆင်တိုက်ခိုက်လိုသဖြင့် ထောက်လှမ်းရေးကို လွဲမှားစွာ အသုံးပြုခဲ့

ဝါရှင်တန် ဇွန် ၆

အမေရိကန်သမ္မတ ဂျော့ဂ်ျ၊ ဒဗလျူ၊ ဘုရှ်နှင့် ၎င်း၏ ထိပ်တန်းမူဝါဒချမှတ်သူများသည် အီရတ်နိုင်ငံအား စစ်တိုက်လိုသဖြင့်ဆက်ဒမ်ဟူစိန်သည် အကြမ်းဖက်ဝါဒနှင့် ဆက်သွယ်မှုရှိသည်ဟု ချဲ့ကားပြောဆိုခဲ့ကြောင်း အထက်လွှတ်တော်ကော်မတီတစ်ရပ်က ကြာသပတေးနေ့တွင် ပြောကြားသည်။

မထောက်ခံ

အီရတ်နိုင်ငံသည် အယ်လ်ခိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသည်ဟုလည်းကောင်း၊ အယ်လ်ခိုင်ဒါအဖွဲ့ကို လက်နက်ကိုင်တွယ်နည်းသင်တန်းများပေးသည်ဟု လည်းကောင်း ဖော်ပြသည့် ဘုရှ်အစိုးရ၏အဓိကကြေညာချက်များကို ထောက်လှမ်းရေးအဖွဲ့က မထောက်ခံကြောင်း၊ တစ်ခါတစ်ရံ ၎င်းတို့နှင့် ဆန့်ကျင်ဘက်ပင် ဖြစ်ကြောင်း အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီကပြောကြားသည်။

ပြောကြား

အမေရိကန်ဦးဆောင်ပြီး ၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်နိုင်ငံအား ဝင်မတိုက်မီ အီရတ်နိုင်ငံ၏လက်နက်များနှင့်ပတ်သက်၍ ထုတ်ပြန်သောကြေညာချက်များသည် ထောက်လှမ်းရေး အထောက်အထားများ တင်ပြသည့် အတွင်းစည်း ဆွေးနွေးချက်နှင့် ကွဲလွဲလျက်ရှိသည်ကို တွေ့ရသည်ဟု ကော်မတီက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘာတွင် စတုတ္ထအကြီးဆုံး ကားထုတ်လုပ်ရေးလုပ်ငန်း ဘရာဇီးနှင့် အာဂျင်တီးနား ဖက်စပ်တည်ထောင်

ရီယိုဒီဂျနေးရိုး ဇွန် ၆

ဘရာဇီးနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့သည် ကမ္ဘာတွင် စတုတ္ထအကြီးဆုံး ကားထုတ်လုပ်ရေးလုပ်ငန်းတည်ထောင်ရန် နှစ်နိုင်ငံ သဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။ အဆိုပါသဘောတူညီချက်သည် ဇူလိုင်လတွင်တရားဝင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံ ဖွံ့ဖြိုးရေး၊ စက်မှုနှင့် နိုင်ငံခြားကုန်သွယ်ရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က ချုပ်ဆိုခဲ့သော သဘောတူစာချုပ်အရ ၂၀၁၃ ခုနှစ်မရောက်မီနှစ်နိုင်ငံကားထုတ်လုပ်ရေးတွင် လွတ်လပ်စွာ ကုန်သွယ်ရေးစတင်ပြုလုပ်ရန် ခန့်မှန်းထားသည်။ ထိုအချိန်ကာလတွင် နှစ်စဉ် ကားစီးရေ ခြောက်သန်း ထုတ်လုပ်မည်ဖြစ်သည်။ ယင်းအနက် ဘရာဇီးနိုင်ငံတွင် ကားစီးရေ ငါးသန်းနှင့် အာဂျင်တီးနားနိုင်ငံတွင် တစ်သန်းထုတ်လုပ်မည်ဟု မျှော်မှန်းထားသည်။

ကမ္ဘာ့ထိပ်တန်း ကားထုတ်လုပ်သော နိုင်ငံများဖြစ်သည့် ဂျပန်၊ တရုတ်နှင့်အမေရိကန်နိုင်ငံတို့ပြီးလျှင် အာဂျင်တီးနားနှင့် ဘရာဇီးနိုင်ငံတို့၏ ဖက်စပ်ကားထုတ်လုပ်ရေး လုပ်ငန်းသည်လည်း ကမ္ဘာ့ထိပ်တန်းစာရင်းတွင် ပါဝင်လာမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာသာအပူပိုင်းမုန်တိုင်း ကျရောက်မှုကြောင့် မက္ကဆီကိုတွင် ရေလွှမ်း

မက္ကဆီကိုစီးတီး ဇွန် ၆

အာသာအပူပိုင်း မုန်တိုင်းသည် အားပျော့သွားပြီး ရက်သတ္တပတ်ကုန်က မက္ကဆီကိုနိုင်ငံ အရှေ့တောင်ဘက် ယူကာတန်ကျွန်းဆွယ်သို့ ဖြတ်သန်းဝင်ရောက် တိုက်ခတ်ခဲ့သည်။ ထိုမုန်တိုင်းကြောင့် မက္ကဆီကိုနိုင်ငံတွင် အင်္ဂါနေ့က ရေလွှမ်းခံခဲ့ရပြီး အိမ်ထောင်စုတစ်ထောင်ခန့်မှာ အတိဒုက္ခရောက်ခဲ့ရသည်။

မက္ကဆီကိုအရှေ့တောင်ပိုင်းတဘက်စ်ကို ပြည်နယ်တွင် ကျေးရွာ၊ ရပ်ကွက် ၂၀ခန့်၌ နေထိုင်လျက်ရှိသော အိမ်ထောင်စု ၉၈၂ စုခန့် ရေဘေးနှင့်ကြုံရသည်။ ထိခိုက်သေဆုံးသူများမရှိဟု သတင်းက ဖော်ပြထားသည်။

ရေဘေးဒုက္ခကြုံတွေ့နေရသူများကို အာဏာပိုင်များက ဘေးလွတ်ရာသို့ ကူညီပြောင်းရွှေ့ပေးခဲ့ကြောင်း ဒေသခံ သဘာဝ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဂူရီကိုဒိုမင်ဂူဇ်က ပြောကြားသည်။

ယခုလတွင် မိုးထပ်မံ ရွာသွန်းမည်မဟုတ်ကြောင်း၊ချီဟာလက်စ်ပြည်နယ်နယ်စပ်တစ်လျှောက်ရှိ ပီချူကလ်ကိုမြစ်မှလွဲ၍ တာဘတ်စ်ဒေသရှိ မြစ်များ၏ ရေအမှတ်သည် လျော့ကျသွားကြောင်း အမျိုးသားရေအရင်းအမြစ် ကော်မရှင်က ဖော်ပြသည်။

မက္ကဆီကိုနိုင်ငံ၏ အဓိကရေနံဆိပ်ကမ်းများတွင် ပါဝင်သည့် ကာယိုအာကာက်စ်ရှိ ပင်လယ်ကွေ့ ရေနံဆိပ်ကမ်းသည် လေပြင်းတိုက်ခတ်မှုနှင့် လှိုင်းလေထန်မှုကြောင့် ပိတ်ထားရကြောင်း မက္ကဆီကိုနိုင်ငံ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားသည်။

မက္ကဆီကိုနိုင်ငံသည် ပြည်ပသို့ နေ့စဉ် ရေနံစည် ၁ ဒသမ ၅ သန်း တင်ပို့လျက်ရှိသည်။ အဓိကအားဖြင့် အမေရိကန်နိုင်ငံသို့ တင်ပို့ခြင်းဖြစ်သည်။

ယခုနှစ်၏အတ္တလန္တိတ် ဟာရီကိန်းမုန်တိုင်းရာသီချိန်တွင် အာသာအပူပိုင်း မုန်တိုင်းသည် ပထမဆုံး ဝင်ရောက်လာသည့် မုန်တိုင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကိုလံဘိုမြို့အနီး ဘတ်စ်ကားဗုံးခွဲခံရ ၂၁ ဦးသေဆုံးပြီး ၆၀ ဒဏ်ရာရ

ကိုလံဘို ဇွန် ၆

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့အနီးတွင် သောကြာနေ့နံနက်ပိုင်းက တမီးလ်ကျားသူပုန်တို့၏ လက်ချက်ကြောင့် ဘတ်စ်ကားတစ်စီး ပေါက်ကွဲခဲ့ရာ အနည်းဆုံး အရပ်သား ၂၁ ဦး သေဆုံးပြီး ၆၀ ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကိုလံဘိုမြို့၏ တောင်ဘက် ၁၀ ကီလိုမီတာခန့်အကွာ မိုရာတူဝါ၌ ခရီးသည့်အပြည့်တင်ဆောင်ထားသော ဘတ်စ်ကားကိုပစ်မှတ်ထား၍ဒေသစံတော်ချိန် နံနက် ၇နာရီ မိနစ် ၃၀ တွင်ဗုံးဖောက်ခွဲခဲ့သည်ဟု ကာကွယ်ရေး ဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားသည်။

ကနဦးစုံစမ်းစစ်ဆေးချက်များအရ တမီးလ်ကျားသူပုန်(အယ်လ်တီတီအီး)တို့သည် အဝေးထိန်းခလုတ်ကို အသုံးပြု၍လမ်းဘေးဗုံးခွဲခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂါဇာကမ်းမြောင်ဒေသနေသူ ပြည်သူများ အစားအသောက်နှင့် ဆေးဝါး မပြည့်စုံမှုနှင့် ကြုံနေရ

ရာမာလက်ချ် ဇွန် ၆

ဂါဇာကမ်းမြောင်ဒေသတွင်နေထိုင်ကြသူများ၏ ၆၄ ရာခိုင်နှုန်းသည် ဆင်းရဲခြင်းစံနှုန်း၏ အောက်တွင်ရှိကြောင်း အင်္ဂါနေ့က ဖြန့်ဝေသော သုတေသနစာတမ်းတွင် ဖော်ပြထားသည်။

အတိုင်ပင်ခံ နီရားအိ(ခ်)ကုမ္ပဏီမှ ဆောင်ရွက်သော လစဉ်ဂါဇာစစ်တမ်းတွင် လူဦးရေ ၁ ဒသမ ၅သန်း၏ ဆင်းရဲခြင်းနှုန်းထားသည်မေလတွင် ၆၄ရာခိုင်နှုန်းသို့ ရောက်နေကြောင်း တင်ပြသည်။ ဧပြီလ၏ ကိန်းဂဏန်းများနှင့် နှိုင်းယှဉ်လျှင် ၆ရာခိုင်နှုန်းများပြားလာသည်။ ဂါဇာကမ်းမြောင်ဒေသတွင်နေထိုင်သူများ၏၇၃ရာခိုင်နှုန်းသည် အစားအသောက် ရှားပါးမှုနှင့် ကြုံတွေ့နေရပြီး အများစုသည် ဆေးဝါး မပြည့်စုံမှုနှင့် ရင်ဆိုင်နေရကြောင်း စစ်တမ်းတွင်တွေ့ရသည်။

ဂါဇာဒေသနေလူဦးရေ၏ ၂၇ ရာခိုင်နှုန်းသည် အလုပ်လက်မဲ့ဖြစ်နေပြီး ၁၀ ရာခိုင်နှုန်းသည် အလုပ်အကိုင်မှန်မှန်မရရှိဘဲဖြစ်နေကြောင်းစစ်တမ်းတွင် ရေးသားထားသည်။

အင်တာနက်။

တရုတ်အလယ်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွား၊ သုံးဦးသေဆုံး ၁၅ဦးဒဏ်ရာရရှိ

ကျန်ကျိုး ဇွန် ၆

တရုတ်နိုင်ငံအလယ်ပိုင်းရှိ ဟီနန် ပြည်နယ်ဝူချောင်ကျေးရွာတွင် ဇွန် ၃ ရက် နံနက် ၇နာရီခန့်က ပေါက်ကွဲ မှု ဖြစ်ပွားခြင်းကြောင့် လူသုံးဦး သေဆုံးပြီး ၁၅ဦး ဒဏ်ရာရရှိသည်။

အပျက်အစီးများအတွင်းဗျောက်အိုး ပြုလုပ်သည့် စနက်တံအမြောက်အမြားကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိသည်။ သို့သော် ပေါက်ကွဲမှု ဖြစ်ပွားခြင်းအကြောင်းရင်းကို မသိရသေးပေ။

ယင်းပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် နေအိမ်ခန်း ၁၀ ခန်း ပြိုကျပျက်စီးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေး အစီအစဉ် ချက်ပြည်သူများ ကန့်ကွက်

ပရာဟာ ဇွန် ၆

ချက်နိုင်ငံတွင် အမေရိကန်ဒုံးကျည် ကာကွယ်ရေးရေဒါစခန်းထားရှိမှုကို ပြည်သူ့သဘောထား ကောက်ယူခဲ့ရာ ယခုနှစ် မေလတွင် ကန့်ကွက်သူအများဆုံးရှိသည်ကို တွေ့ရှိရသည်။ ထိုသို့ ကန့်ကွက်မှုများလာသည့် ပြည်သူ့သဘောထားကြောင့် ယင်းစခန်းအတွက် နိုင်ငံရေးအရ ထောက်ခံမှုရရှိရန် အစိုးရ၏ ကြိုးပမ်းမှုအပေါ် ဆန့်ကျင်ဖိအားပေးမှု များပြားလာသည်ကို ဖော်ပြလျက်ရှိသည်။

အမေရိကန်နိုင်ငံသည် ပိုလန်နိုင်ငံတွင် ဒုံးခွင်းဒုံး ၁၀ စင်း ချထားလိုပြီး ချက်နိုင်ငံတွင် ရေဒါစခန်းထားရှိလိုသည်။ ထိုဒုံးကျည်ကာကွယ်ရေးစနစ်သည် အီရန်နိုင်ငံကဲ့သို့သော နိုင်ငံများမှ ပစ်လိုက်သည့် ပဲ့ထိန်းဒုံးကျည်များကို ကာကွယ်သွားရန်အတွက် ဖြစ်သည်ဟုဆိုသည်။

အမေရိကန်ရေဒါစခန်း ထားရှိမှုအပေါ် ဥရောပတိုက်အလယ်ပိုင်းရှိ ချက်နိုင်ငံတွင် ပြည်သူ့သဘောထား မည်သို့ရှိသည်ကို ကောက်ယူခဲ့ရာ မေလတွင် ကောက်ယူရရှိသည့် ဆန္ဒသဘောထားမှာ ကန့်ကွက်သူ ၅ ရာခိုင်နှုန်း တိုးလာပြီး ၆၈ ရာခိုင်နှုန်း ရောက်ရှိလာကြောင်း စီဗွီဗွီအမ်အေဂျင်စီက ကောက်ယူသောစစ်တမ်းတွင် ဖော်ပြသည်။ ထိုလေ့လာချက်ကို မေ ၁၂ ရက်မှ ၁၉ ရက်အကြား ချက်နိုင်ငံသား ၁၀၆၆ အား မေးမြန်းကောက်ယူ၍ ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည့် ဘတ်စ်ကားကို ဇွန် ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသသို့မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

ဧရာဝတီတိုင်း ဘိုကလေး၊ ဖျာပုံ၊ လပွတ္တာမြို့နယ်များရှိ လေဘေးသင့်ခံရသူများအား ဆေးရုံသင်္ဘောများဖြင့် ထိထိရောက်ရောက် ဆေးဝါးကုသမှုများ ပြုလုပ်ပေးနေ

အမေး၊အရေး- မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း- တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၇

လေဘေးသင့်ခံခဲ့ရသည့် ဧရာဝတီတိုင်းအတွင်းရှိ ဒေသခံများအား ဆေးရုံသင်္ဘောများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည်ဟူသောသတင်း သိရှိနေသည်မှာ ရက်အတန်ကြာပြီဖြစ်သည်။ ကျန်းမာရေးဝန်ထမ်းများက ရေလမ်းခရီးကို သွားနိုင်သည်အထိ သွားကာ ကျေးရွာအရောက် လှေ၊ သမ္ဗန်၊ စက်လှေများဖြင့် ကြိုသလိုသွားပြီး ဆေးကုသမှု ပေးနေကြသည်ကိုလည်း သိရှိရသည်။

သို့သော် ပြည်ပမီဒီယာများက လေဘေးသင့်ခံရသည့် ပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှု ထိထိရောက်ရောက် မလုပ်ပါဟု ဆိုနေပြန်သည်။ ထို့ကြောင့် လေဘေးသင့်ခံရသူများအား ဆေးရုံသင်္ဘောကြီးများဖြင့် ထိထိရောက်ရောက် ကုသပေးနေမှုကို သိရှိရန် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

"ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ လေဘေးသင့်ခံရတဲ့နေရာတွေကို ကုန်းလမ်းခရီးရော၊ ရေလမ်းခရီးကပါ သွားရောက်ပြီး ကျန်းမာရေးကုသမှုအဖြစ် မြန်မြန်ဆန်ဆန် သွားရောက်ပြီး ဆေးဝါးကုသမှုလုပ်ငန်းတွေ အချိန်နဲ့အမျှ နေ့စဉ်ဆောင်ရွက်ပေးနေပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က ပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၃ သို့ ✳

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် တွင် အခြေစိုက်၍ ပတ်ဝန်းကျင်ကျေးရွာများသို့လှည့်လည်ပြီး ကျန်းမာရေး စောင့်ရှောက်မှုပေးမည့် ပပဝင်း ဆေးရုံသင်္ဘောကို တွေ့ရစဉ်။

ဟိုင်းကြီးကျွန်းဒေသရှိ ဟိုင်းကြီးကျွန်း၊ လယ်တောနှင့် သက္ကယ်သောင် စာသင်ကျောင်းများ ရာနှုန်းပြည့်ပြီးစီးနေ

ရန်ကုန် ဇွန် ၇

လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်တွင်း ပြည်ပ စေတနာရှင်များ၊ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ဆောက်လုပ်ရေးကုမ္ပဏီများက ပူးပေါင်း၍ အကောင်အထည်ဖော်လျက်ရှိသည်။

ဧရာဝတီတိုင်း ဟိုင်းကြီးကျွန်းဒေသ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် မိုးကြယ်စင် ဆောက်လုပ်ရေးကုမ္ပဏီက မုန်တိုင်းကြောင့် ပျက်စီးသွားသော ဟိုင်းကြီးကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၊ လယ်တောကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် သက္ကယ်သောင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတို့ကို သက်ဆိုင်ရာ နယ်မြေတာဝန်ရှိသူများနှင့် ပူးပေါင်း၍ ပြုပြင်တည်ဆောက်လျက်ရှိရာ ယခုအခါ အဆိုပါကျောင်းများသည် ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။

မိုးကြယ်စင်ဆောက်လုပ်ရေး ကုမ္ပဏီအနေဖြင့် ပျက်စီးသွားသော ကျောင်းများ ပြန်လည်တည်ဆောက်ရေးအပြင် လေဘေးသင့် ပြည်သူများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ဆန်၊ ဆီ၊ အခြေခံစားသောက်ကုန်၊ အဝတ်အထည်၊ စောင်၊ ခေါင်းအုံးနှင့် ဆေးရုံသုံး ဆက်စပ်ပစ္စည်းများ၊ ဆေးဝါးများ စသည်ဖြင့် ကာလတန်ဖိုးကျပ် သိန်း ၁၃၀၀ ကျော်ရှိသည့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပြည်သူများလက်ဝယ်အရောက် ပေးအပ်လှူဒါန်းပြီးဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နောက်နှစ်ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်

အများအားဖြင့် မုတ်သုံလေအား ကောင်းမည်။